# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၄ ခုနှစ်၊ တော်သလင်းလကွယ်၊ စနေနေ့။ Saturday, 24 September 2022 ၁၀၈၆၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## MSME လုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမြှင့်တင်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်

### စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေများ မတည်ထူထောင်ပေးခဲ့ပြီး ကျန်ရှိသည့်ငွေများမှ MSME လုပ်ငန်းများနှင့် မွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးရန် ရည်မှန်းထား

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂)အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

**ယုံကြည်စိတ်ချရဆုံး မဟာမိတ်မှသည် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုဆီသို့ . . .**

ဆောင်းပါး စာမျက်နှာ » ၆

**ပဲမျိုးစုံ၊ နေကြာနှင့် ဆီထွက်သီးနှံများ၏ မျိုးစေ့ထုတ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလိုသူများ ပါဝင်ဆောင်ရွက်နိုင်ရေး ဆွေးနွေး**

စာမျက်နှာ » ၇

ကြေးမုံ

# လုံခြုံချောမွေ့စေရေးစည်းကမ်းများလိုက်နာ

နိုင်ငံသားစည်းကမ်းဟူသည် နိုင်ငံသားတို့နှင့်သက်ဆိုင်သည့် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းဥပဒေများဖြစ်သည်။ နိုင်ငံသားများသည် လွတ်လပ်စွာနေထိုင် လုပ်ကိုင်ခွင့်ရှိသော်လည်း နိုင်ငံတော်နှင့်အများပြည်သူအကျိုးအတွက် ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းဥပဒေများကိုမူ မပျက်မကွက်လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ အကွပ်မရှိသည့်ကြမ်းလို ပရမ်းပတာမဖြစ်ရအောင် စည်းကမ်းဥပဒေတို့ကို လိုက်နာဆောင်ရွက်မှသာလျှင် ငြိမ်းချမ်းသာယာဝပြောသော လူ့ဘောင်လောကကို တည်ဆောက်နိုင်မည်ဖြစ်သည်။

နိုင်ငံသားများ၏ နေထိုင်ဆောင်ရွက်မှုဘဝ၌ သတ်မှတ်ထားသော စည်းကမ်းဥပဒေအမျိုးမျိုးရှိသည့်အနက် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည့် မှတ်ပုံတင်ခြင်းတစ်မျိုးမျိုးကို ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းတို့တွင် နိုင်ငံသားအများစုကိုင်တွယ်အသုံးပြုနေသော ဆင်းကတ်မှတ်ပုံတင်ခြင်းကို သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ကြရန်နှင့် နိုင်ငံသားအများစု လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ငွေရေးကြေးရေးဆိုင်ရာ မှတ်ပုံတင်ခြင်းများကို သတ်မှတ်ထားသည့်စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့လုပ်ကိုင်မှသာလျှင် လုံခြုံစိတ်ချ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆော့ဝဲနည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ ၅၂ သန်းကျော်အား စာရင်းသွင်းပြီးဖြစ်သည်။ နိုင်ငံသားအများစုကိုင်ဆောင်အသုံးပြုနေသော ဆင်းကတ်အသုံးပြုသူအချို့သည် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို မှန်ကန်စွာဖြည့်စွက်ခြင်းမရှိဘဲ အသုံးပြုလျက်ရှိနေသည်ကို တွေ့ရသည်။ ယခု တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာရင်းသွင်းပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ဆင်းကတ်မှတ်ပုံတင်အမှတ်တို့ကို တိုက်ဆိုင်စစ်ဆေးမည်ဖြစ်သည်။ ဆင်းကတ်တွင် မှတ်ပုံတင်ထားသောအချက်အလက်များနှင့် နိုင်ငံသားစိစစ်ရေးကတ်အချက်အလက်များ ကွဲလွဲမှုရှိပါက ဆင်းကတ်ကို အပြီးပိတ်သိမ်းပြီး လက်ကျန်ငွေကို နိုင်ငံ့ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည်ဖြစ်ကြောင်း အသိပေးထားသည်။

ထို့အပြင် မသမာသူများက အချက်အလက်များကို မှန်ကန်စွာဖြည့်စွက်ခြင်းမရှိဘဲ မိုဘိုင်းငွေပေးချေမှုအချို့အား အသုံးချ၍ မသမာသောနည်းလမ်းဖြင့် တရားမဝင်ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လျက်ရှိသည်တို့နှင့် ပတ်သက်၍ အများပြည်သူတို့ နစ်နာဆုံးရှုံးခြင်းမရှိစေရန်အတွက် ဆောင်ရွက်ရာတွင် အထက်ဖော်ပြပါနည်းလမ်းအတိုင်း ငွေကြေးဝန်ဆောင်မှု လွှဲပြောင်းဆောင်ရွက်မှုတို့ကို တိုက်ဆိုင်စစ်ဆေးသွားမည်ဖြစ်သည်။ အချက်အလက်ဖြည့်သွင်းခြင်းအား သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ခြင်းမရှိပါက မိုဘိုင်းငွေကြေးစာရင်းများအား အပြီးတိုင်ပိတ်သိမ်းသွားမည်ဖြစ်သည်။ ထို့ကြောင့် ငွေကြေးလွှဲပြောင်းခြင်းလုပ်ငန်းဆောင်ရွက်ရာ၌ အဆင်ပြေစေရေးအတွက် မှန်ကန်သောအချက်အလက်ဖြည့်သွင်းရန်လိုအပ်ပါသည်။

မျက်မှောက်ကာလတွင် မိုဘိုင်းလက်ကိုင်ဖုန်းကိုအသုံးပြု၍ လူမှုရေး၊ စီးပွားရေး စသည်တို့ကို ပြည်သူများအနေဖြင့် အဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်ကြပေသည်။ ယင်းသို့ဆောင်ရွက်နိုင်သည်ကို အသုံးချ၍ မသမာသူများ၊ ဒုစရိုက်သမားများနှင့်အကြမ်းဖက်သမားများက နိုင်ငံတော်နှင့်အများပြည်သူ ထိခိုက်နစ်နာအောင် လုပ်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်တွင်း/ပြည်ပငွေပေးချေမှုများ၊ နယ်စပ်ဖြတ်ကျော် ငွေပေးချေမှု၊ လွှဲပြောင်းမှုများ ဆောင်ရွက်ရာတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ထောက်ပံ့အားပေးသည့်လုပ်ရပ်များ လုပ်ဆောင်မှုအချို့ရှိနေသည်ကို တွေ့ရသည်။ မိုဘိုင်းငွေကြေးစနစ်တွင် မသမာမှုများ၊ လိမ်လည်မှုများ ရှိနေ၍ ပြည်သူအချို့မှာ များစွာထိခိုက်နစ်နာမှုများရှိနေသည်။

ထို့ကြောင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ ငွေရေးကြေးရေးလုပ်ငန်းများအား ဆောင်ရွက်ရာ၌ လုံခြုံချောမွေ့အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်အတွက် အချက်အလက်များ မှန်ကန်စွာစာရင်းရေးသွင်းရန် လိုအပ်ပါသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြု ကတ်တစ်မျိုးမျိုး ကိုင်ဆောင်သူ ၅၂ သန်းကျော်အား စာရင်းသွင်းထားပြီးဖြစ်၍ သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့်အခြားအသိအမှတ်ပြုကတ်များ၊ အိမ်ထောင်စုစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းအား နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထားသည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့်နိုင်ငံသားများ လုံခြုံရေးနှင့်အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် နိုင်ငံသားများနှင့် အဓိကသက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းဥပဒေများကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ ဆက်သွယ်ဆောင်ရွက်နေထိုင်လုပ်ကိုင်မှုများနှင့်ပတ်သက်သည့် ဆောင်ရွက်ရမည့်အချက်အလက်များကို မှန်ကန်စွာဖြည့်သွင်းဆောင်ရွက်ပြီး မိမိတို့၏ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။

၂၀၂၂ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့
စက်တင်ဘာလ ၂၇ ရက်

UNWTO
World Tourism Organization

WORLD TOURISM DAY 2022 | RETHINKING TOURISM 27 SEPTEMBER

"RETHINKING TOURISM"

"ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့"

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုင်းကျော်နိုင်ဦး ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး သူရဦးအောင်မျိုးမြင့် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

**သင့်စီးပွားရေး လုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၃- ၉ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၅၀၀ | ၉,၅၀၀ | ၁,၂၈၈ | ၁၂,၀၂၄,၆၀၀ |
| MTSH | ၃,၅၅၀ | ၃,၅၅၀ | ၉,၇၈၃ | ၃၄,၇၂၉,၆၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၆၇ | ၁,၃၄၀,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၅၀ | ၅၁၀ | ၁,၄၂၈,၅၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၂၅၃ | ၆၈၃,၁၀၀ |
| AMATA | ၅,၄၀၀ | ၅,၄၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၂၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၄၈.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၄.၉၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၆.၀၆၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၅၈.၆၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၉၃၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၈၁.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၇၄.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၆၉.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၇၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# MSME လုပ်ငန်းများသည် ပြောင်းလဲနေသည့် ဈေးကွက်လိုအပ်ချက်များကို လုပ်ငန်းကြီးများထက် ပိုမိုလျင်မြန်စွာ တုံ့ပြန်ပြောင်းလဲနိုင်စွမ်းရှိနေသည်ကို တွေ့ရမည်

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဗဟိုကော်မတီဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နာယကတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

## အဓိကမောင်းနှင်အားဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် အစည်းအဝေးတစ်ခုဖြစ်ကြောင်း၊ ယခင်ကအကြောင်းအမျိုးမျိုးကြောင့် အစည်းအဝေးမပြုလုပ်နိုင်ခဲ့သော်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စားဆိုင်ရာ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်သင့်သည်များကို အမြဲမပြတ်မှာကြားခဲ့ခြင်းကြောင့် လုပ်ဆောင်နိုင်သည့်ကိစ္စရပ်များလည်း များစွာရှိခဲ့ကြောင်း၊ ယခင်က SME ဟု အသုံးပြုခဲ့သော်လည်း ယခုအခါ အမိပ္ပာယ်ပိုမိုလေးနက်စေရေးအတွက် MSME ဟု ပြောင်းလဲသတ်မှတ်အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမြှင့်တင်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် MSME စီးပွားရေးလုပ်ငန်းများသည် ၉၀ ရာခိုင်နှုန်းကျော်ခန့် ပါဝင်လျက်ရှိသည်ကို လေ့လာချက်များအရ တွေ့ရှိရကြောင်း။

မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ မိမိတို့အစိုးရတာဝန်ယူပြီး နောက်ပိုင်းတွင် မူဝါဒများချမှတ်ဆောင်ရွက်ခဲ့ရာ စီးပွားရေးနှင့် ပတ်သက်၍ ဦးတည်ချက် ၃ ရပ် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ ၃ ရပ်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးတို့ပင်ဖြစ်ကြောင်း၊ အဆိုပါအချက်များမှ တတိယအချက်သည် နိုင်ငံတော်မှပြည်တွင်းစီးပွားရေးကို အားပေးကူညီရန်ဖြစ်ကြောင်း။

## ပိုမိုလျင်မြန်စွာ တုံ့ပြန်ပြောင်းလဲနိုင်စွမ်းရှိ

MSME လုပ်ငန်းများသည် ပြောင်းလဲနေသည့် ဈေးကွက်လိုအပ်ချက်များကို လုပ်ငန်းကြီးများထက် ပိုမိုလျင်မြန်စွာ တုံ့ပြန်ပြောင်းလဲနိုင်စွမ်းရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ကျေးလက်စီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံပြီးဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများနှင့် စက်မှုလုပ်ငန်းများသည် ထိရောက်သည့်စီးပွားရေးလုပ်ငန်းများပင်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း အဓိကသီးနှံများဖြစ်သည့် ဆန်၊ ဂျုံ၊ ပြောင်း၊ ဆီထွက်သီးနှံမျိုးစုံ၊ ပဲမျိုးစုံနှင့် စက်မှုသီးနှံများဖြစ်သည့် ရော်ဘာ၊ ဝါ၊ ကြံ၊ ဆေးရွက်ကြီး၊ ဂုန်လျှော်နှင့် တိုင်းရင်းဆေးပစ္စည်းများထုတ်လုပ်သည့် ပရဆေးပင်များကို စိုက်ပျိုးကြကြောင်း၊ မွေးမြူရေးလုပ်ငန်းတွင်လည်း အဓိကစားသုံးသော အသားငါးများဖြစ်ကြသည့် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးများကို မွေးမြူကြကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများလည်း များစွာရှိကြောင်း၊ သစ်ပင်သစ်တောထွက်ပစ္စည်းများ၊ ထုံးကျောက်၊ သံမဏိ၊ ကျောက်မီးသွေး၊ အဖိုးတန်ကျောက်မျက်ရတနာများ၊ ခဲမဖြူ၊ အဖြိုက်နက် စသည့် သယံဇာတပစ္စည်းများရှိကြောင်း၊ အဆိုပါ သယံဇာတပစ္စည်းများကို MSME ဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှင်းလင်းတင်ပြစဉ်။

## အားပေးဆောင်ရွက်ခြင်းဖြစ်

MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကကို ဗဟိုပြုသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းပင်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်နိုင်ငံဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍ၊ လူတစ်ဦးချင်း၏အခန်းကဏ္ဍသည် တိုင်းပြည်တစ်ခု၏ အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ သို့သော် ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုကြီးမားသည့် လုပ်ငန်းများနှင့် လတ်တလော ပုဂ္ဂလိက ရင်းနှီးမှုလုပ်ဆောင်ရန်အတွက် အင်အားနည်းနေသေးသည့် လုပ်ငန်းများကို မဆုံးရှုံးစေရန်အတွက် အစိုးရအနေဖြင့် ပါဝင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံတွင်မဆို စီးပွားရေးနှင့် ပတ်သက်၍အစိုးရမှ အချို့သော အခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ရမှုများရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်လည်း နိုင်ငံ၏အခြေအနေအရ လိုအပ်သည့် အခန်းကဏ္ဍများတွင် အစိုးရအနေဖြင့် ပါဝင်ဆောင်ရွက်နေရဦးမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုကို အဓိကထားသည့် စီးပွားရေးလုပ်ငန်း၊ ရောင်းဝယ်ဖောက်ကားခြင်းကို အဓိကထားသည့် စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်ခြင်းကို အဓိကထားသည့် စီးပွားရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများဟူ၍ လေးမျိုးရှိသည်ဟု လေ့လာချက်များအရ တွေ့ရှိရကြောင်း၊ အဆိုပါအချက်များအနက် ကုန်ထုတ်လုပ်မှုကိုအခြေခံသည့်လုပ်ငန်းသည် လက်တွေ့ကျသည့် လုပ်ငန်းရပ်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုမရှိပါက ရောင်းဝယ်မှုနှင့် ၎င်းနှင့်ဆက်စပ်လျက်ရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ မိမိတို့နိုင်ငံတွင် MSME ၏ အခြေခံဖြစ်သည့် SME ဥပဒေကို ၂၀၁၅ ခုနှစ်တွင် လွှတ်တော်၌ ပြဋ္ဌာန်းခဲ့ပြီး မူဝါဒများနှင့် နည်းဥပဒေများ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများကို ချမှတ်ပြဋ္ဌာန်းခြင်းသည် လုပ်ငန်းများကို ခိုင်ခိုင်မာမာဆောင်ရွက်ရန်ဖြစ်ပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုများ အားနည်းခဲ့မှုကြောင့် ပြည်သူများအနေဖြင့်လည်း အထင်အမြင်လွဲမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းများတွင် ယုံကြည်မှုရရှိရန်လိုအပ်သဖြင့် MSME ကို အဓိကထားဆွေးနွေးခြင်းပင်ဖြစ်ကြောင်း၊ မိမိ၏စီးပွားရေးနှင့် ပတ်သက်သည့် မူဝါဒမှာ ပြည်တွင်းစီးပွားရေးကို အားပေးခြင်းနှင့် ကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်ကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ ပြည်ပအားကို အားကိုးခြင်းထက် ပြည်တွင်းအားဖြင့် ဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်း၊ ပြည်တွင်းအားဖြင့် ဆောင်ရွက်ရာတွင်လည်း အကျိုးရှိထိရောက်သည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏စီးပွားရေးကို ပြည်တွင်းစီးပွားရေးအားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရှိပြီးသားဖြစ်သည့် အခြေခံများကို ခိုင်ခိုင်မာမာဖြစ်အောင်ဆောင်ရွက်၍ တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

## အဓိကလိုအပ်ချက်

ကုန်ထုတ်လုပ်မှုဆိုရာတွင် မိမိလေ့လာသိရှိမှုအရ ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လုပ်အားတို့သည် အဓိကလိုအပ်ချက်ပင်ဖြစ်ကြောင်း၊ ကုန်ကြမ်းရှိမှသာ ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ လျှပ်စစ်ဓာတ်အားနှင့် လောင်စာ (Power & Energy)သည်လည်း လိုအပ်ကြောင်း၊ ငွေကြေးအရင်းအနှီးများရှိမှသာ လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ ကျွမ်းကျင်လုပ်သားများရှိမှသာ လုပ်ငန်းများ လည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် MSME လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကုန်ကြမ်းရရှိရန်သေချာသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကိုအခြေခံသည့် တန်ဖိုးရှိပစ္စည်း၊ တန်ဖိုးမြင့်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ဒေသတွင်းရှိ မြေပေါ်မြေအောက်သယံဇာတပစ္စည်းများကို အခြေခံသည့် တန်ဖိုးရှိနှင့် တန်ဖိုးမြင့်ပစ္စည်းများကို ထုတ်လုပ်ခြင်းများကို အခြေခံကျကျထုတ်လုပ်ရန်လိုကြောင်း၊ မြို့ပြနှင့်ကျေးလက်ကွာဟမှု၊ ဒေသတစ်ခုနှင့်တစ်ခု ကွာဟမှု ကျဉ်းမြောင်းအောင် ပြုလုပ်ပေးရန် လိုအပ်သည်ကို မိမိအနေဖြင့် မကြာခဏပြောကြားခဲ့ကြောင်း၊ မြို့ပြနှင့်ကျေးလက်ကွာဟမှုကြောင့် ကျေးလက်နေပြည်သူများ မြို့ပြသို့သွားရောက်၍ အလုပ်လုပ်ကြရကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခု ကွာဟချက်ကြောင့် အားနည်းသည့်ဒေသမှပြည်သူများက အားကောင်းသည့်ဒေသများကို သွားရောက်၍ အလုပ်လုပ်ကိုင်ကြကြောင်း။

ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးတွင် စက်မှုဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အချို့သောဒေသများတွင် စက်မှုဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု မရှိသေးကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသနှင့်ကိုက်ညီသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စက်မှုဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ခရိုင်များတိုးချဲ့ဖွဲ့စည်းထားရာ အဓိကကျသည့်ခရိုင်များတွင် စက်မှုဇုန်များ၊ စက်မှုရပ်ကွက်များ ဖော်ဆောင်ပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးမည်ဆိုပါက အဆိုပါဒေသကို အခြေခံသည့် ထွက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုသည် များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ရောင်းကုန်ပစ္စည်းများ တိုးတက်များပြားလာမည်ဖြစ်ကြောင်း၊ ဒေသများအလိုက်

စာမျက်နှာ ၄ သို့ ☆

- ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် MSME စီးပွားရေးလုပ်ငန်းများသည် ၉၀ ရာခိုင်နှုန်းကျော်ခန့် ပါဝင်လျက်ရှိသည်ကို လေ့လာချက်များအရတွေ့ရှိရ
- MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကကို ဗဟိုပြုသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းပင်ဖြစ်သည်ကို တွေ့ရမည်
- MSME လုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုကို အဓိကထားသည့် စီးပွားရေးလုပ်ငန်း၊ ရောင်းဝယ်ဖောက်ကားခြင်းကို အဓိကထားသည့် စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်ခြင်းကို အဓိကထားသည့် စီးပွားရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများဟူ၍ လေးမျိုးရှိသည်ဟု လေ့လာချက်များအရတွေ့ရှိရ
- နိုင်ငံအတွက် MSME လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကုန်ကြမ်းရရှိရန်သေချာသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကို အခြေခံသည့် တန်ဖိုးရှိပစ္စည်း၊ တန်ဖိုးမြင့်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ဒေသတွင်းရှိ မြေပေါ်မြေအောက်သယံဇာတပစ္စည်းများကို အခြေခံသည့် တန်ဖိုးရှိနှင့် တန်ဖိုးမြင့်ပစ္စည်းများကို ထုတ်လုပ်ခြင်းများကို အခြေခံကျကျထုတ်လုပ်ရန်လို

☆ စာမျက်နှာ ၃ မှ
MSME ကို အခြေခံသည့် စက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ပါက ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာပြီး မြို့ပြများနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မှုများ လျော့ပါးသွားမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများရရှိရေးအတွက် မိမိတို့နိုင်ငံတွင် အသေးစား၊ အငယ်စား၊ အလတ်စားရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများကို ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် လျှပ်စစ်ပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အနာဂတ်မြန်မာနိုင်ငံစီးပွားရေးအတွက် အကျိုးရှိသည့်လုပ်ငန်းများဖြစ်ခြင်းကြောင့် အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

### ငွေကြေးများချေးငှားပေးရန် အဆင်သင့်ရှိ

MSME လုပ်ငန်းများကို မိမိတို့နိုင်ငံတွင် အခြေခံကျကျဆောင်ရွက်၍ရသည်ကို တွေ့ရှိရကြောင်း၊ အရင်းအနှီးနှင့်ပတ်သက်၍ လိုအပ်သည့်ငွေကြေးများကို အစိုးရအနေဖြင့် ချေးငှားဆောင်ရွက်ပေး၍ရကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ မတည်ထုထောင်ပေးခဲ့ပြီး ကျန်ရှိသည့်ငွေများမှ MSME လုပ်ငန်းများနှင့် မွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးရန် ရည်မှန်းထားကြောင်း၊ MSME လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက စည်းမျဉ်းစည်းကမ်းများရေးဆွဲ၍ ငွေကြေးများချေးငှားပေးရန် အဆင်သင့်ရှိကြောင်း။

လူသားအရင်းအမြစ်လိုအပ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အသက် ၂၅ နှစ်အထက်လူဦးရေတွင် ၁၉ သန်းခန့်သည် အခြေခံပညာအားနည်းသည်ဟု သန်းခေါင်စာရင်းအရသိရှိရကြောင်း၊ အဆိုပါပြည်သူများ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေးအတွက် လုပ်ငန်းခွင်သင်တန်းများဖွင့်လှစ်၍ သင်ကြားဖွင့်လှစ်ပေးရန်လိုကြောင်း၊ KG+10 နှင့်အထက် ပညာအရည်အချင်း ရှိသူများကိုလည်း တိုင်းပြည်အတွက်အကျိုးရှိသည့် လူသားအရင်းအမြစ်များမွေးထုတ်နိုင်ရေး ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍမှ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်သင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် သင်ကြား၍ လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး ဆောင်ရွက်ကြစေလိုကြောင်း၊ လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး ယခင်တပ်မတော်အစိုးရလက်ထက်ကလည်း အထူးဖွံ့ဖြိုးရေးဇုန် ၂၄ ဇုန်ဖြင့် ဆောင်ရွက်ခဲ့ပြီး အဆိုပါဇုန်များတွင် တက္ကသိုလ်၊ ကောလိပ်များနှင့် ဆေးရုံများ တည်ဆောက်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ခြင်းမှာ စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ လူသားအရင်းအမြစ်များရရှိအောင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ လူသားအရင်းအမြစ် မွေးထုတ်ရေးနှင့် ပတ်သက်၍ ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အားလုံး အလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ရယူနိုင်ရန်လိုကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြစဉ်။

### အရည်အသွေးအားနည်းမှုများရှိ

မိမိတို့နိုင်ငံမှထုတ်လုပ်သည့် ထုတ်ကုန်အများစုမှာ အရည်အသွေးဆိုင်ရာ အားနည်းမှုများရှိခြင်းကြောင့် ဈေးကွက်တွင် ဈေးနှုန်းရရှိမှုနည်းပါးကြောင်း၊ အရည်အသွေးအားနည်းမှုများရှိခြင်းမှာ ကုန်ထုတ်လုပ်ရာတွင်အသုံးပြုသည့် စက်ကိရိယာပစ္စည်းများ၊ နည်းပညာနှင့် လူသားအရင်းအမြစ်များ အားနည်းခြင်းကြောင့်ဖြစ်သည်ကို တွေ့ရကြောင်း၊ ထုတ်ကုန်များ အရည်အသွေးမီအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ရာတွင် အစားအစာများ၊ အဖျော်ယမကာများ၊ အထည်အလိပ်နှင့် အထည်ထုတ်လုပ်မှု၊ သားရေထွက်ကုန်ပစ္စည်းများ၊ သစ်အချောထည်ပစ္စည်းများ၊ ဆေးဝါးနှင့်ရက္ခဗေဒဆိုင်ရာပစ္စည်းများ၊ ရော်ဘာနှင့် ပလတ်စတစ်ဆိုင်ရာပစ္စည်းများ၊ သတ္တုမပါဟုတ်သည့် တွင်းထွက်ပစ္စည်းများ၊ အခြေခံသတ္တုပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းများကိုအခြေခံသည့် ပစ္စည်းများကို ထုတ်လုပ်ခြင်းသည် မိမိတို့နိုင်ငံအတွက် လက်တွေ့ကျကျ ထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများဖြစ်သဖြင့် ပထမဦးစားပေးအနေဖြင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒုတိယဦးစားပေး ထုတ်လုပ်မှုအနေဖြင့် ဆေးရွက်ကြီးနှင့် စီးကရက်ပစ္စည်းများ၊ စက္ကူထုတ်လုပ်ခြင်းများ၊ ရေနံစိမ်းနှင့် ကျောက်မီးသွေးထုတ်လုပ်ခြင်း၊ ဓာတုဗေဒပစ္စည်းနှင့် ဓာတုဗေဒထုတ်ကုန်များ၊ သတ္တုသန့်စင်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ကွန်ပျူတာနှင့် အီလက်ထရောနစ်ပစ္စည်းများထုတ်လုပ်ခြင်း၊ လျှပ်စစ်ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ စက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ မော်တော်ယာဉ်အမျိုးမျိုးနှင့် ပစ္စည်းတင်ယာဉ်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် အခြားသယ်ယူပို့ဆောင်ရေးဆိုင်ရာ ယာဉ်များထုတ်လုပ်ခြင်းနှင့် အခြားပစ္စည်းထုတ်လုပ်ခြင်း လုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပထမ ဦးစားပေးတွင် ပါဝင်သည့်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် မိမိတို့နိုင်ငံတွင် ကုန်ကြမ်းများ လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ ဓာတုဗေဒပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် အချို့သောထုတ်ကုန်များ ထုတ်လုပ်ရန်အတွက် အရင်းအနှီးများနှင့် နည်းပညာများ လိုအပ်လျက်ရှိနေသေးကြောင်း။

မိမိတို့နိုင်ငံတွင် MSMEလုပ်ငန်းပေါင်း လေးသောင်းကျော်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများအောင်မြင်စေရန် ဝန်ဆောင်မှုနှင့်ရောင်းဝယ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ထုတ်ကုန်များ ဈေးကွက်ရရှိရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတကာနှင့်ချိတ်ဆက်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ သတင်းအချက်အလက်များ မြန်ဆန်စွာစီးဆင်းရန် ကိစ္စရပ်များ၊ ကုန်စည်စီးဆင်းမှု လုံခြုံချောမွေ့ရေးလုပ်ငန်းကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ အဆိုပါကိစ္စရပ်များကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်၍မရဘဲ အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သဖြင့် ကော်မတီဝင်များအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံ၏ MSME လုပ်ငန်းများကို အာဆီယံ၏ ညွှန်းကိန်းများနှင့် သုံးသပ်ခဲ့သည်များရှိပြီး ရလဒ်ညွှန်းကိန်းများတွင် မိမိတို့နိုင်ငံသည် အချို့နေရာများ၌ အာဆီယံညွှန်းကိန်း၏ အနိမ့်ပိုင်းတွင်ရှိပြီး အချို့နေရာများတွင် အလယ်အလတ်အဆင့်အပိုင်းတွင် ရောက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ မည်သို့သော ညွှန်းကိန်းများပြနေသည်ဖြစ်စေ မိမိတို့အနေဖြင့် လက်တွေ့ကျသည့်အလုပ်ဖြစ်နိုင်သည့် MSME များ ဖြစ်ရန်လိုကြောင်း၊ အထူးသဖြင့် ထုတ်လုပ်မှုကို အခြေခံဖြစ်ပေါ်လာသည့် ရောင်းဝယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းသည် ၂၅ ရာခိုင်နှုန်းနှင့် ၁၆ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း၊ ထုတ်လုပ်မှုမှာ ၃၉ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာမည်ဆိုပါက ရောင်းဝယ်မှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းမှာ ဝယ်ရောင်းသမားများဖြစ်ကြကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းထက် ဈေးရောင်းချသူများ များပြားကြောင်း၊ ထုတ်လုပ်မှုများကို ပိုမိုဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွက် ပိုမိုအကျိုးရှိစေမည်ဖြစ်ကြောင်း။

### ဖြေလျှော့ပေးရန်လို

MSME လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ လေ့လာချက်အရ ပတ်ဝန်းကျင်ကောင်းများနှင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် အခြေခံအဆောက်အဦများ လိုအပ်ချက်များရှိခြင်း၊ စွန့်ဦးတီထွင်လိုသူများအတွက် မဖွံ့မရဲဖြစ်မှုများကို ဖြေလျှော့ပေးရန်လိုအပ်ခြင်း၊ ငွေကြေးအရင်းအနှီး၊ စရိတ်ကြီးမြင့်သည့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းများကိုတွေ့ရှိရခြင်း၊ ရိုးရာနည်းပညာများကို အသုံးပြုထုတ်လုပ်ခြင်းနှင့် သုတေသနပြုချက်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာများတွင် အထောက်အပံ့ အားနည်းသည်များကို တွေ့ရှိရကြောင်း၊ အဆိုပါရလဒ်များကိုအခြေခံ၍ ထုတ်ကုန်များကို ရောင်းတမ်းဝင် အဆင့်မြှင့်တင်နိုင်ရန်အတွက် ကန့်သတ်ချက်များနှင့် အဟန့်အတားများတွေ့ရှိရသည်ဟု လေ့လာတွေ့ရှိရကြောင်း၊ ထုတ်ကုန်များကို အရည်အသွေးရှိသည့် ရောင်းကုန်ပစ္စည်းများဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် အဆိုပါအချက်များကို ကော်မတီဝင်များအနေဖြင့် ထည့်သွင်းစဉ်းစား၍ လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်းများရှာဖွေ၍ ဆောင်ရွက်ကြမည်ဆိုပါက MSME လုပ်ငန်းများသည် တိုင်းပြည်၏စီးပွားရေးကို ထိထိမိမိ အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ကြောင်း၊ မိမိအနေဖြင့် ယခု MSME လုပ်ငန်းသည် နိုင်ငံအတွက် အဓိကမောင်းနှင်အားဖြစ်သဖြင့် အလေးထား ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် စက်မှုလုပ်ငန်းမူဝါဒ၊ SME ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒတို့ ချိတ်ဆက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း၏ အရင်းအမြစ်များ၊ မြန်မာနိုင်ငံ၏ SME ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ၊ SME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ မူဝါဒနှင့် နည်းဥပဒေများပြဋ္ဌာန်းထုတ်ပြန်ခဲ့မှု၊ MSME အဖြစ်စတင်သုံးနှုန်းလာခြင်း၊ SME ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ ဖွဲ့စည်းဆောင်ရွက်ရမည့် ကော်မတီနှင့် အဖွဲ့များ၊ SME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနများဖွဲ့စည်းခြင်း၊ SME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများ၊ မြန်မာ့ MSME ရှင်သန်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် MSME ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီမှဆွေးနွေးဆုံးဖြတ်ရမည့် အချက်များကို အဆိုပြုတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင်များက ပြည်တွင်းလျှပ်စစ်ပစ္စည်းထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများကို အားပေးကူညီရန်၊ MSME ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်နှင့် ပြည်ပအဖွဲ့အစည်းများမှ ချေးငွေများ ထုတ်ချေးပေးခဲ့မှုနှင့် ဆက်လက်ထုတ်ချေးပေးသွားမည့် အစီအမံများ၊ MSME ရန်ပုံငွေထူထောင်ရေး၊ ပြည်တွင်း၊

စာမျက်နှာ ၅ သို့ ☆

- MSME လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက စည်းမျဉ်းစည်းကမ်းများရေးဆွဲ၍ ငွေကြေးများ ချေးငှားပေးရန် အဆင်သင့်ရှိ
- မိမိတို့နိုင်ငံတွင် MSME လုပ်ငန်းပေါင်း လေးသောင်းကျော်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများအောင်မြင်စေရန် ဝန်ဆောင်မှုနှင့်ရောင်းဝယ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ထုတ်ကုန်များ ဈေးကွက်ရရှိရန်လို
- မိမိတို့နိုင်ငံ၏ MSME လုပ်ငန်းများကို အာဆီယံ၏ညွှန်းကိန်းများနှင့် သုံးသပ်ခဲ့သည်များရှိပြီး ရလဒ်ညွှန်းကိန်းများတွင် မိမိတို့နိုင်ငံသည် အချို့နေရာများ၌ အာဆီယံညွှန်းကိန်း၏ အနိမ့်ပိုင်းတွင်ရှိပြီး အချို့နေရာများတွင် အလယ်အလတ်အဆင့်အပိုင်းတွင် ရောက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ မည်သို့သော ညွှန်းကိန်းများပြနေသည်ဖြစ်စေ မိမိတို့အနေဖြင့် လက်တွေ့ကျသည့် အလုပ်ဖြစ်နိုင်သည့် MSME များဖြစ်ရန်လို

☆ စာမျက်နှာ ၄ မှ

ပြည်ပရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေးအခြေခံအဆောက်အအုံများနှင့် ဆက်သွယ်ရေးကွန်ရက်များ ကောင်းမွန်စေရန် ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးသတင်းအချက်အလက်များကို နိုင်ငံပိုင်မီဒီယာများမှ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြနိုင်ရေး ဆောင်ရွက်သွားမည့်အစီအမံများ၊ ကျေးလက်ဒေသများတွင် သမဝါယမအသင်းများဖွဲ့စည်းပြီး အသေးစားစက်မှုလုပ်ငန်းများ ထူထောင်ပေးနေမှု၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးနေမှု၊ ဈေးရောင်းပွဲတော်များနှင့် ထုတ်ကုန်ပြပွဲများ ကျင်းပပေးနေမှု၊ သစ်အချောထည်၊ ကျောက်မျက်အချောထည်နှင့် ဓာတ်သတ္တုနှင့် စက်မှုတွင်းထွက်လုပ်ငန်းများ ခွင့်ပြုထားရှိမှု၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအားပေးနေမှု၊ လျှပ်စစ်ကဏ္ဍတွင် ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ ပုဂ္ဂလိကထုတ်ကုန်အရည်အသွေးတိုးတက်စေရေး ဆောင်ရွက်နေမှုအခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေမှု၊ SME ဥပဒေတွင် ပြင်ဆင်ရန်လိုအပ်သည့်အချက်များ၊ MSME လုပ်ငန်းများအနေဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြင့် ချိတ်ဆက်ရန်လိုအပ်မှုအခြေအနေ၊ တက္ကသိုလ်များ၌ စီးပွားရေးဘာသာရပ်များတွင် MSME ဘာသာရပ်ထည့်သွင်းပြဋ္ဌာန်းနိုင်ရေး၊ MSME လုပ်ငန်းများနှင့်စပ်လျဉ်း၍ စံချိန်၊ စံညွှန်းသတ်မှတ်ရန်လိုအပ်မှုအခြေအနေ၊ MSME လုပ်ငန်းများမှ ထုတ်လုပ်သည့် ထုတ်ကုန်များအား စားသုံးသူများအတွက် ဘေးကင်းသည့်ထုတ်ကုန်ဖြစ်စေရန် FDA မှ အရည်အသွေးစစ်ဆေး၍ ခွင့်ပြုပေးနေမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းလိုအပ်ချက်၊ ဥပဒေဆိုင်ရာလိုအပ်ချက်နှင့် ငွေကြေးမူဝါဒဆိုင်ရာ လိုအပ်ချက်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းပြည်၏စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးစနစ်ကောင်းမွန်ရန်အရေးကြီးကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူပို့ဆောင်ရေးစနစ်ကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရထားဖြင့်သယ်ယူပို့ဆောင်ခြင်းသည် စီးပွားရေးအရ တွက်ခြေကိုက်သည့်အတွက် နိုင်ငံတကာတွင် ရထားပို့ဆောင်ရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးစနစ် ကောင်းမွန်စေရန် အရေးကြီးကြောင်း၊ အများပြည်သူများအတွက် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီသိရှိစေရန်နှင့် မှန်မှန်ကန်ကန်၊ လုံလုံခြုံခြုံဖြစ်စေရန် အရေးကြီးကြောင်း၊ ထို့ပြင် မိုဘိုင်းဖုန်းနှင့် အင်တာနက်သုံးစွဲမှုအပိုင်းတွင်လည်း စည်းကမ်းတကျဖြစ်စေရန်လိုအပ်ကြောင်း၊ နိုင်ငံပိုင်မီဒီယာများမှ စီးပွားရေးသတင်းများ၊ ကုန်စျေးနှုန်းနှင့် ငွေကြေးသတင်းအချက်အလက်များကို သီးခြားကဏ္ဍတစ်ခုအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန်လိုအပ်ကြောင်း၊ နိုင်ငံတော်၊ တပ်မတော်နှင့် ပုဂ္ဂလိကအပိုင်းတို့မှ သတင်းအချက်အလက်များကို ပြည်သူများ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်သိရှိစေရေး ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ သစ်အချောထည်ထုတ်ကုန်များကို အဆင့်မီထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ အလားတူ တွင်းထွက်သယံဇာတများကိုလည်း တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်သွားစေလိုကြောင်း။

MSME လုပ်ငန်းများရှိရာ နယ်မြေဒေသအလိုက် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးနှင့် အသေးစားဓာတ်အားထုတ်လုပ်သည့်စနစ်များ ကူညီဆောင်ရွက်ပေးနိုင်ရေး၊ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲခြင်းမပြုဘဲ ဒေသအလိုက် တစ်ပိုင်တစ်နိုင် ဓာတ်အားထုတ်လုပ်သုံးစွဲနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အလုပ်သမားဝန်ကြီးဌာနမှ လက်ရှိဖွင့်လှစ်လျက်ရှိသည့် သက်မွေးပညာသင်တန်းများ ထိထိရောက်ရောက်ဖြစ်စေရန် လိုအပ်ကြောင်း၊ အဆိုပါသင်တန်းများမှ မွေးထုတ်ပေးလိုက်သည့် အလုပ်သမားများကိုလည်း လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိရှိအသုံးပြုနိုင်ရန် လိုအပ်ကြောင်း၊ လူသားအရင်းအမြစ်များ ရရှိရေးကို ဦးတည်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်တွင်းသုံး MSME ထုတ်ကုန်များ၏ စံချိန်စံညွှန်းနှင့်ပတ်သက်၍ တစ်ပြေးညီဖြစ်ရန် လိုအပ်ကြောင်း၊ ပြည်ပပို့ကုန်များအတွက် ထုတ်ကုန်အရည်အသွေးကိုလည်း နိုင်ငံတကာအရည်အသွေးမီဖြစ်စေရန် စံချိန်စံညွှန်းသတ်မှတ်ရန် လိုအပ်ကြောင်း။

နိုင်ငံ၏ စီးပွားရေးကို အထောက်အကူဖြစ်ရန် ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေပေါ်မြေအောက် သယံဇာတများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရေးနှင့် နိုင်ငံခြားငွေရရှိရေးအတွက် ကြိုးစားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်တွင်းစီးပွားရေးကို အထောက်အကူဖြစ်စေရန် ဒေသအလိုက် ကုန်ထုတ်လုပ်မှုတိုးတက်စေရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်သည် မူဝါဒချမှတ်ပေးသည့် အဆင့်ဖြစ်ပြီး MSME လုပ်ငန်းများ မြေပြင်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် UMFCCI နှင့် ညီနောင်အသင်းများအနေဖြင့် လက်တွေ့ကျကျ ပေါင်းစပ်ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ဒေသတိုင်းတွင် MSME လုပ်ငန်းများမှ ထုတ်လုပ်မှုများ ရှိနေရမည်ဖြစ်ပြီး ယင်းလုပ်ငန်းများဖြင့် ပြည်တွင်းစီးပွားရေး အားကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ဥပဒေဖြင့် အကာအကွယ်ပေးထားနိုင်ရမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လုပ်ငန်းကော်မတီ၏ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးတွင် အားလုံးမှ တက်တက်ကြွကြွ ပါဝင်ဆွေးနွေးဆောင်ရွက်ကြသည်ကိုတွေ့ရကြောင်း၊ MSME ကို နိုင်ငံစီးပွားရေးမြှင့်တင်မှုအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အစိုးရအနေဖြင့် တစ်နိုင်ငံလုံးအကြားအလပ်မရှိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၊ ဒေသတစ်ခုနှင့်တစ်ခု တိုးတက်ဖွံ့ဖြိုးမှုများ ကွာဟမှုမရှိအောင် ဆောင်ရွက်ပေးပြီး အားလုံးတစ်ပြေးညီဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး / ပြည်နယ်အလိုက်၊ ဒေသအလိုက် ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံပြီး ကုန်ထုတ်လုပ်မှုအတွက် စဉ်းစားဆောင်ရွက်ရန်၊ လူသားအရင်းအမြစ်များ ရရှိရေးအတွက် ဆောင်ရွက်ရန်နှင့် ပညာရေးကွာဟမှုများကို တတ်နိုင်သမျှ လျှော့ချနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ လူသားအရင်းအမြစ်များကို အသုံးချ၍ နည်းပညာနှင့် အတတ်ပညာများကို ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရင်းအနှီးများ ရရှိရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်ရန်လိုကြောင်း၊ လမ်းမကြီးများသာမက မြို့၊ ရွာချင်းဆက်လမ်းများ၊ ကုန်ထုတ်လမ်းများ ကောင်းမွန်မှသာ ထုတ်လုပ်သည့် ထုတ်ကုန်များကို အဆင်ပြေချောမွေ့စွာ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးစနစ်များလည်း ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါအချက်များကို အလေးထားဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ စက်ရုံများနှင့် စက်ပစ္စည်းများ လည်ပတ်နိုင်ရန်လိုအပ်သည့် လျှပ်စစ်ဓာတ်အားများ ရရှိရေးအတွက် ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ မိမိတို့ကော်မတီသည် နိုင်ငံတော်အတွက် အရေးကြီးသည့် အဓိကကျသည့်ကော်မတီတစ်ခုဖြစ်ပြီး ဝန်ကြီးဌာနများနှင့်ပေါင်းစပ်၍ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သိရသည်။

❖ နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူပို့ဆောင်ရေးစနစ်ကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ၊ ရထားဖြင့်သယ်ယူပို့ဆောင်ခြင်းသည် စီးပွားရေးအရ တွက်ခြေကိုက်သည့်အတွက် နိုင်ငံတကာတွင် ရထားပို့ဆောင်ရေး စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရ

❖ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆက်သွယ်ရေးစနစ် ကောင်းမွန်စေရန်အရေးကြီး၊ အများပြည်သူများအတွက် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန်နှင့် မှန်မှန်ကန်ကန်၊ လုံလုံခြုံခြုံဖြစ်စေရန် အရေးကြီး

**သတင်းစဉ်**

○ ကိုယ်တိုင်မှ

အဖွဲ့အစည်းများသို့လည်း ရွေ့လျားဈေးရောင်းယာဉ်ဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့ညနေပိုင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) သို့ သွားရောက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများမှ ရောင်းချပေးခြင်းကြောင့် သန့်ရှင်းလတ်ဆတ်မှုရှိခြင်း၊ ဈေးနှုန်းချိုသာခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး အာဟာရဖြစ်စေသည့် သီးနှံသားငါးများဖြစ်ခြင်းတို့ကြောင့် လာရောက်ဝယ်ယူသူများပြောခဲ့ကြောင်း သိရသည်။

အလားတူ အခြားဝန်ကြီးဌာနရုံး၊ အဖွဲ့အစည်းများ၊ ဝန်ထမ်းအိမ်ရာများနှင့် နေပြည်တော်နေပြည်သူများ သန့်ရှင်းလတ်ဆတ်ပြီး ဈေးနှုန်းချိုသာစွာဖြင့် အလွယ်တကူဝယ်ယူနိုင်ရန် ဇမ္ဗူသီရိမြို့နယ် မြို့မဈေးအနီး အအေးခန်းသိုလှောင်ရုံတွင် စနစ်တကျသိုလှောင်ထားရှိပြီး ရွေ့လျားဈေးရောင်းယာဉ်ဖြင့် လှည့်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းရယ်၌ နေကြာစံပြကွက် စတင်စိုက်ပျိုး

**မိုင်းရယ် စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှဦးစီး၍ ဆီထွက်သီးနှံဖြစ်သည့် နေကြာကိုစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် တောင်သူများ အကျိုးပြုဖြစ်ထွန်းစေရန် ရည်ရွယ်၍ မိုးနှောင်းကာလ နေကြာစတင်စိုက်ပျိုးခြင်းကို ယနေ့နံနက် ၁၀ နာရီက မိုင်းရယ်မြို့အဝင် နားဖျိုင်းကျေးရွာရှိ တောင်သူငါးဦးပိုင် စံပြကွက် ၁၀ ကေတွင် ပြုလုပ်သည်။

အဆိုပါ နေကြာစတင်စိုက်ပျိုးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ အားပေးကြည့်ရှုခဲ့ကြသည်။



မိုင်းရယ်မြို့နယ်၌ ယခင်နှစ်များက နေကြာစိုက်ပျိုးခြင်းမရှိသော်လည်း စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ် မိုးရာသီတွင် စံပြကွက် ၁၀ ကေအပါအဝင် ယာသီးထပ်စိုက်ကေ ၃၂ ကေ၌ ပညာပေးစည်းရုံးမှုများ ဆောင်ရွက်ခဲ့ပြီး လယ်မြေများတွင်ပါ တိုးချဲ့စိုက်ပျိုးနိုင်ရန် အတွက် ပညာပေးစည်းရုံးလျက်ရှိကြောင်း သိရသည်။

**မိုင်းရယ်(ပြန်/ဆက်)**

✪ မြန်မာအသင်းမှ

၂၀၂၃ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၄၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု ၁၀ ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု (ဃ) တွင် ဆော်ဒီအာရေဗျ၊ မော်လ်ဒိုက်၊ အိန္ဒိယ၊ ကူဝိတ်အသင်းတို့နှင့် ပါဝင်နေပြီး ယင်းအုပ်စုပွဲစဉ်များကို ဆော်ဒီအာရေဗျနိုင်ငံ၌ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အသင်းသည် ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကာလရှည်လေ့ကျင့်ပြင်ဆင်နေသည့် အသင်းဖြစ်ပြီး ဩဂုတ်လတွင် ၂၀၂၂ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ပြီးနောက် ဒုတိယမြောက် နိုင်ငံတကာပြိုင်ပွဲအဖြစ် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် အာဆီယံ ယူ-၁၆ ပြိုင်ပွဲအပြီးတွင် ဆက်လက်ပြင်ဆင်ခဲ့ပြီး ကစားသမားများ အတွေ့အကြုံရစေရန် ပြည်တွင်းလိဂ်ပြိုင်ပွဲဖြစ်သည့် MNL-2 ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာ ယူ-၁၆ အသင်းနည်းပြချုပ် ဦးအောင်ဇော်မျိုးသည် ခြေစစ်ပွဲယှဉ်ပြိုင်မည့် အပြီးသတ်လူစာရင်းကို ယခုရက်ပိုင်းအတွင်း ထုတ်ပြန်မည်ဖြစ်ပြီး စက်တင်ဘာနောက်ဆုံးပတ်တွင် ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။

**ကိုညီလေး**

# ယုံကြည်စိတ်ချရဆုံးမဟာမိတ်မှသည် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုဆီသို့ . . .

မိုးမြင့်

**ယနေ့ကမ္ဘာတွင် နိုင်ငံရေး၊ စီးပွားရေး အခင်းအကျင်းများ အခြေခံကအစ အချိန်နှင့်အမျှ ပြောင်းလဲနေသည်ကိုတွေ့ရသည်။ ဗဟိုချက်မများပြောင်းနေသည်။ အနောက်မှ အရှေ့သို့လည်းကောင်း၊ အနောက်မှ အရှေ့ပစိဖိတ်သို့လည်းကောင်း အရွေ့များကို တွေ့မြင်နေရသည်။ ထိုသို့ တိုးတက်ပြောင်းလဲနေမှုများကို ရုရှားနိုင်ငံ ပရီမော်စကီဒေသ ဗလာဒီဗော့စတော့ခ်၌ ကျင်းပသော (၇) ကြိမ်မြောက် Eastern Economic Forum တွင် အကဲဖြတ်ခွင့်ရခဲ့ကြသည်။**



(၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum-2022) ၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ကျင်းပစဉ်။

နိုင်ငံရေး၊ စီးပွားရေး၊ နည်းပညာ ငွေကြေးကဏ္ဍများတွင် နိုင်ငံကြီးအချို့၏ လက်ဝါးကြီးအုပ်လိုမှုနှင့် ရန်လိုသည့်ပဋိပက္ခများကြောင့် ဖြစ်လာရသည့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် " The path to a multi- polar world" ဗဟုဝင်ရိုးဆုံကမ္ဘာကြီးဆီ လှမ်းမည့်ခြေလှမ်းများကို ရုရှားနှင့် တရုတ်တို့က ဦးဆောင်လှမ်းလာကြရာမှာ မြန်မာနိုင်ငံသည်လည်း အရေးပါသည့်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်လာပြီဖြစ်သည်ကို ၅-၉-၂၀၂၂ ရက်နေ့မှ ၈-၉-၂၀၂၂ ရက်နေ့အထိ လေးရက်ကြာ ကျင်းပခဲ့သော EEF အရှေ့ဖျား စီးပွားရေးဖိုရမ်တွင် မျက်ဝါးထင်ထင် တွေ့လိုက်ရသောအခါ မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးအတွက်ရော ဒေသတွင်းနှင့် ကမ္ဘာကြီးငြိမ်းချမ်းရေးအတွက်ပါ တာဝန်သိတာဝန်ရှိသည့်နိုင်ငံတွင် နေထိုင်ရသည့် ပြည်သူများအနေဖြင့် ဂုဏ်ယူမိပါသည်။

## Multi-polar world အရွေ့အတွက် gateway တစ်ခုဖြစ်လာ

ပြန်ကြည့်လျှင် ကမ္ဘာကြီးတွင် အတ္တများက ကြီးစိုးနေသည်။ ထိပ်တိုက်ရင်ဆိုင်မှုများနှင့် မငြိမ်းချမ်းဟုဆိုရမည်ဖြစ်သည်။ ကိုဗစ် - ၁၉ နှင့် ယူကရိန်းစစ် double crises ကြောင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ လမ်းချော်နေပြီး ဆင်းရဲမှု၊ ငတ်မွတ်မှု တသီတတန်းကြီးနှင့် ရင်မောစရာအတိ ဖြစ်သည်။

ဘေးပယောဂ ဖန်တီးမှုများနှင့် မပြီးနိုင်အောင် ဆွဲဆန့်ထားခြင်းခံနေရသည့် စစ်ပွဲများကပေးနေသော လက်ငင်းအကျိုးပေးဆိုးကျိုးများကို ကမ္ဘာ့လူသားများ ခါးစည်းခံနေရသည်။ ပြီးခဲ့သည့်ရက်က သတင်းတစ်ပုဒ်တွင် ဖတ်လိုက်ရသည်။ ရုရှား၊ တူရကီနှင့် ကုလသမဂ္ဂတို့ ညှိနှိုင်းအစီအစဉ်ဖြင့် အငတ်ဘေးကျရောက်တော့မည့် လူသားများအတွက် ယူကရိန်းဆိပ်ကမ်းများမှတစ်ဆင့် ပို့လိုက်သည့် စားနပ်ရိက္ခာတင်သင်္ဘောများကို အီးယူနိုင်ငံအချို့က လူသားချင်းစာနာထောက်ထားမှုကျင့်ဝတ်ကို ချိုးဖောက်ပြီး လက်ဝါးကြီးအုပ် ဖြတ်ယူလိုက်သည့်သတင်းဖြစ်သည်။

ထိုကဲ့သို့သော အနိုင်ကျင့်ခံရမှုများနှင့် ဆင်းရဲမွဲတေမှုများကို ဖြေရှင်းပေးနိုင်မည့် ဖွံ့ဖြိုးမှုဆီ ဦးတည်နေသည့် ဤဖိုရမ်ကြီးသည် Multi- polar world အရွေ့တစ်ခုအတွက် ဝင်ပေါက်ထွက်ပေါက် gateway တစ်ခုဖြစ်လာနေပါကြောင်း နိုင်ငံအများစုမှ ပါဝင်တက်ရောက်သူ ( ၇၄ ရာခိုင်နှုန်း)က အသိအမှတ်ပြုအားကိုးလာကြသည်ကို တွေ့ရှိရပါသည်။

## နိုင်ငံတကာပလက်ဖောင်းတစ်ခု ဖြစ်လာနေသည့် EEF 2022

ရုရှားနိုင်ငံတွင် ကျင်းပခဲ့သော EEF 2022 ဖိုရမ်သည် စွမ်းအင်အကျပ်အတည်း၊ စားနပ်ရိက္ခာအကျပ်အတည်းဆိုက်နေသော ကမ္ဘာကြီးအတွက် ဖြေဆေးတစ်ခုဟု မြင်ပါသည်။ အချို့ ဒေဝါလီခံနေရသည့် နိုင်ငံတချို့အတွက် ကယ်တင်ရှင် အားဆေးတစ်ခုနှယ် အားကိုးမိပါသည်။ ဖိုရမ်ကို လက်ခံကျင်းပသော ရုရှားနိုင်ငံနှင့်အတူ အရေးယူပိတ်ဆို့မှုများနှင့် ဖိအားမျိုးစုံကိုရင်ဆိုင်နေရသော မြန်မာ၊ အီရန်၊ ဘယ်လာရုစ် စသည့်နိုင်ငံများ ပူးပေါင်းပါဝင်လာခွင့်ရရှိလာကြပြီဖြစ်သည်။

အိမ်ရှင်နိုင်ငံ၏ အရှေ့ဖျားဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် အာရှပစိဖိတ်ဒေသနိုင်ငံများ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး ရည်မှန်းချက်များကြောင့် စိန်ခေါ်မှုများကြားက မက်ခရိုဒေသကြီး၏ အရေးပါမှုမှာ ပို၍သိသာထင်ရှားလာပါသည်။ မက်ခရိုဟု တင်စားထိုက်သည်က ရှုဘယ်လ် ၂ ဒသမ ၇ ထရီလီယံတန် ရင်းနှီးမြှုပ်နှံမှု ပရောဂျက်ပေါင်း ၂၇၂၉ ခုနှင့်အတူ ၎င်းတို့ထဲမှ ၅၂၅ ခုမှာ ယခုအခါ စတင်အသက်ဝင်နေ၍ဖြစ်ပါသည်။ ဖိုရမ်က စာချုပ်ချုပ်ဆိုမှု ၂၉၀ ကျော်ကို ချုပ်ဆိုနိုင်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၀၀၀၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဟု သိရပါသည်။

ကိုဗစ်ကို ကောင်းစွာထိန်းချုပ်ပြီးမှ ပထမဦးဆုံးကျင်းပခဲ့သော ဤကမ္ဘာ့ EEF ဖိုရမ်ကြီးတွင် ဧည့်သည် ၇၀၀၀ ကျော်၊ နိုင်ငံ ၆၈ နိုင်ငံမှ မီဒီယာကိုယ်စားလှယ်များ၊ ကမ္ဘာတစ်ဝန်း ကုမ္ပဏီပေါင်း ၇၀၀ က လုပ်ငန်းရှင် ၁၇၀၀ ခန့် ပါဝင်တက်ရောက်ဆွေးနွေးကြခြင်းဖြင့် ကမ္ဘာ့စီးပွားရေးလှုပ်ရှားမှုများ၏ ဗဟိုချက်မ သို့မဟုတ် နိုင်ငံတကာ ပလက်ဖောင်းတစ်ခုသဖွယ် မြင်တွေ့နေရပြီဖြစ်ပါသည်။

## ယုံကြည်မှုများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများ ထင်ဟပ်နေသည့်ဖိုရမ်

တရုတ်၊ မြန်မာ၊ မွန်ဂိုလီးယား၊ အိန္ဒိယ၊ အာမေးနီးယားနှင့် တောင်ကိုရီးယားနိုင်ငံတို့က အတောင့်တင်းဆုံးသော ကိုယ်စားလှယ်များဖြင့် တက်ရောက်လာခဲ့ခြင်းသည် ဖိုရမ်အပေါ်ယုံကြည်မှုကို ထင်ဟပ်စေပြီး ပူးပေါင်းဆောင်ရွက်လိုမှုများကို ပို၍တိုးတက်စေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အပါအဝင် နိုင်ငံအစိုးရအဖွဲ့များမှ အဆင့်မြင့်ဆုံးအကြီးအကဲ ၁၅ ဦး ပါဝင်တက်ရောက်လာကြပြီး အိန္ဒိယ၊ မလေးရှားနှင့် ဗီယက်နမ်ဝန်ကြီးချုပ်များက ဗီဒီယိုမှတစ်ဆင့် နှုတ်ခွန်းဆက်သကြသည်ကို တွေ့ရသည်။

ဖိုရမ်တွင် အဓိကမဏ္ဍိုင်ခြောက်ခုကို အဓိကထားဆွေးနွေးခဲ့ကြသည်။ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုတွင် ရုရှားနိုင်ငံက မည်သည့်နေရာက ပါဝင်နေပါသလဲ၊ လုပ်သားအင်အားစုကြီးကို ကမ္ဘာပေါ်မှာ ဘယ်လိုဖြန့်ခွဲကြမလဲ၊ ငွေကြေးဈေးကွက်နှင့် လူသားများ၏ဘဝ အရည်အသွေးများကို ဘယ်လိုဖန်တီးယူကြမလဲ၊ ခရီးသွားကဏ္ဍ၊ နိုင်ငံတိုင်းအတွက် ပေါ်ပေါက်လာမည့် ကိုယ်ပိုင်ကုန်သွယ်ရေး လမ်းကြောင်းနှင့် စာသင်ခန်းများမှာ ရုရှားမျိုးချစ်လူငယ်များ မွေးထုတ်ပေးနိုင်ရေး စသည့်ကဏ္ဍများကို စိတ်ပါဝင်စားစွာ ဆွေးနွေးခဲ့ကြသည်။

ပါဝင်ဆွေးနွေးသူအများစုက နိုင်ငံတကာဆက်ဆံရေးပုံစံသစ်တစ်ခုကို တည်ဆောက်ပြီး စီးပွားရေးဖွံ့ဖြိုးမှုဆီ လှမ်းမျှော်နိုင်မည့် ဗဟုဝင်ရိုးတန်း ကမ္ဘာကြီးတစ်ခုဆီသို့ အလျင်အမြန်ကူးပြောင်းလိုနေကြသည်။ ထိုသို့ကူးပြောင်းနိုင်မှလည်း စီးပွားရေးစစ်ပွဲများ၊ အချုပ်အခြာအာဏာယိုယွင်းမှုများမှ ကာကွယ်နိုင်မည်ဖြစ်သည်ကို အားလုံးက နားလည်သဘောပေါက်ကြသည်။ သို့သော် စီးပွားရေးအရ အပြိုင်အဆိုင်ရှိရန်ကိုတော့ အားပေးထားသည်ကို တွေ့ရသည်။

## ရင်းနှီးသောဆက်ဆံရေးမှတစ်ဆင့် ယုံကြည်စိတ်ချရသော မဟာမိတ်အဖြစ်သို့

EEF ဆိုသော အခွင့်အလမ်းကောင်းတစ်ခုက ရုရှားနိုင်ငံကြီး၏ ယုံကြည်စိတ်ချရဆုံးသော မိတ်ဖက်နိုင်ငံတစ်ခုအဖြစ် မြန်မာနိုင်ငံကို အားအင်အသစ်များ မွေးဖွားပေးခဲ့ပြန်ပါပြီ။ ပို၍ပို၍ရင်းနှီးသော ဆက်ဆံရေးမှတစ်ဆင့် အရင်းနှီးဆုံးသော မဟာမိတ်အဖြစ် ရပ်တည်မှု ခိုင်မာလာခြင်းပင်ဖြစ်သည်။ စစ်ဘက်၊ အရပ်ဘက်နယ်ပယ်စုံတွင် အခြေခံအဆောက်အအုံများ၊ နည်းပညာရင်းနှီးမြှုပ်နှံမှုများ ယခုထက်တိုးပွားလာမည်ဖြစ်ပါသည်။ ကမ်းလွန်နည်းပညာတူးဖော်မှုနည်းပညာများ၊ အကြီးစားစက်မှုလုပ်ငန်းများအပါအဝင် နျူကလီးယားနည်းပညာများကို ရယူနိုင်စွမ်းရှိလာပါတော့မည်။ ထိုနည်းပညာများမှတစ်ဆင့် အမိနိုင်ငံ၏ ပေါများကြွယ်ဝသော ရေနံ၊ ဓာတ်ငွေ့၊ သံ၊ သတ္တု သယံဇာတများကို လက်တွေ့ထုတ်ယူနိုင်စွမ်းအား မြင့်မားလာတော့မည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုများလာလျှင် မြန်မာနိုင်ငံမှ လူငယ်လုပ်သားများ ပြည်ပကိုထွက်၍ အလုပ်သွားလုပ်မှုများလည်း လျော့ပါးလာမည်ဟု တွေးမိပါသည်။ အခွင့်အလမ်းကို ထိထိရောက်ရောက် ဆုပ်ကိုင်နိုင်ပါက ဈေးသက်သာသော မြန်မာလူငယ်လုပ်သားများစွာကို အိမ်နီးချင်း ထိုင်းတို့၊ မလေးရှားတို့က လွယ်လွယ်နှင့်ခေါင်းပုံဖြတ်၍ မရနိုင်တော့ဟု မြော်တွေးမိပါသေးသည်။

စာမျက်နှာ ၇ သို့ ☆

> **EEF ဆိုသော အခွင့်အလမ်းကောင်းတစ်ခုက ရုရှားနိုင်ငံကြီး၏ ယုံကြည်စိတ်ချရဆုံးသော မိတ်ဖက်နိုင်ငံတစ်ခုအဖြစ် မြန်မာနိုင်ငံကို အားအင်အသစ်များ မွေးဖွားပေးခဲ့ပြန်ပါပြီ။ စစ်ဘက်၊ အရပ်ဘက်နယ်ပယ်စုံတွင် အခြေခံအဆောက်အအုံများ၊ နည်းပညာရင်းနှီးမြှုပ်နှံမှုများ ယခုထက် တိုးပွားလာမည်ဖြစ်ပါသည်။ ကမ်းလွန်နည်းပညာတူးဖော်မှုနည်းပညာများ၊ အကြီးစားစက်မှုလုပ်ငန်းများအပါအဝင် နျူကလီးယားနည်းပညာများကို ရယူနိုင်စွမ်းရှိလာပါတော့မည်။ ထိုနည်းပညာများမှတစ်ဆင့် အမိနိုင်ငံ၏ ပေါများကြွယ်ဝသော ရေနံ၊ ဓာတ်ငွေ့၊ သံ၊ သတ္တု သယံဇာတများကို လက်တွေ့ထုတ်ယူနိုင်စွမ်းအား မြင့်မားလာတော့မည်**

# ဆော်ဒီအာရေဗျနိုင်ငံ (၉၂)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ညစာ့ခံပွဲအခမ်းအနား ကျင်းပ




**ရန်ကုန် စက်တင်ဘာ ၂၃**

ဆော်ဒီအာရေဗျနိုင်ငံ၏ (၉၂) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ညစာ့ခံပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ Wyndham Grand Yangon Hotel ၌ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီး H.E. Mr. Saud bin Abdullah AL-subaie က နှုတ်ခွန်းဆက်စကား ပြောကြားသည်။။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီး H.E. Mr. Saud bin Abdullah AL-subaie တို့က ဆော်ဒီအာရေဗျနိုင်ငံ၏ (၉၂) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် ညစာ့ခံပွဲ အခမ်းအနားသို့ တက်ရောက် လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ညစာ့ခံပွဲသို့ တက်ရောက် လာကြသူများကို မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Saud bin Abdullah AL-subaie က ညစာစားပွဲဖြင့် တည်ခင်းညစာ့ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပဲမျိုးစုံ၊ နေကြာနှင့် ဆီထွက်သီးနှံများ၏ မျိုးစေ့ထုတ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလိုသူများ ပါဝင်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၃**

အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားရေးရာဝန်ကြီးဌာန Ministry of Agriculture and Farmers' Welfare ဝန်ကြီး Mr. Nnrendra Singh Tomar ၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၁၉ ရက်တွင် နယူးဒေလီမြို့၌ ကျင်းပပြုလုပ်သည့် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအတွက် အပင်ဗီဇအရင်းအမြစ်ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်(ITPGRFA) အုပ်ချုပ်ရေးအဖွဲ့၏ (၉) ကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဦးစွာ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအတွက် အပင်ဗီဇအရင်းအမြစ်ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ITPGRFA) အုပ်ချုပ်ရေးအဖွဲ့၏ (၉) ကြိမ်မြောက်အစည်းအဝေးတွင် ITPGRFA အဖွဲ့ဥက္ကဋ္ဌ Ms. Yasmina El-Bahloul၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ ITPGRFA အတွင်းရေးမှူး Mr. Kent Nnadozie တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားရေးရာဝန်ကြီးဌာန Ministry of Agriculture and Farmers' Welfare ဝန်ကြီး Mr. Nnrendra Singh Tomar က အဖွင့်အမှာစကား ပြောကြားပြီး ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ညွှန်ကြားရေးမှူးချုပ် Dr. QU Dongyu (ဒေါက်တာချူဒုံယု)၏ အမှာစကား ဗီဒီယိုကို ကြည့်ရှုကြသည်။






စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအတွက် အပင်ဗီဇအရင်းအမြစ်ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ITPGRFA) အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးကို နှစ်နှစ်တစ်ကြိမ်ကျင်းပခြင်းဖြစ်ကာ ယခုကျင်းပသည့် (၉)ကြိမ်မြောက် အစည်းအဝေးကို ဇီဝမျိုးကွဲ ထိန်းသိမ်းသူများအား ဂုဏ်ပြုခြင်းနှင့် ၂၀၂၀ ပြည့်နှစ်လွန်ကာလတွင် အားလုံးပါဝင်သော ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးကွဲများ ဖြစ်ပေါ်လာစေရန် မူဘောင်သတ်မှတ်ချက် (Celebrating the Guardians of Crop Diversity: Towards an Inclusive. Post-2020 Global Biodiversity Framework ) ဖြင့် အိန္ဒိယနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး အဖွဲ့ဝင် ၁၄၉ နိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ITPGRFA အုပ်ချုပ်ရေးအဖွဲ့၏ (၉) ကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားအပြီးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပြခန်းများတွင် ခင်းကျင်းပြသထားသော အိန္ဒိယနိုင်ငံ၏ ဒေသမျိုးရင်းဝင် လူး၊ ဆပ်၊ နှံစားပြောင်းမျိုးများ၊ သုတေသနပြုရရှိသော နှံစားပြောင်းမျိုးများ၊ အဆိုပါ နှံစားသီးနှံများကို အခြေခံထုတ်လုပ်ထားသည့် ခေါက်ဆွဲများ၊ တန်ဖိုးမြင့်စားသောက်ကုန်လုပ်ငန်းများ၊ အိန္ဒိယနိုင်ငံ၏ ဒေသမျိုးရင်း သစ်သီးဝလံ သုတေသနလုပ်ငန်းများကို လှည့်လည်ကြည့်ရှုကြပြီး ပြခန်းတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား သုတေသန ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြကြောင်း၊ လူး၊ ဆပ်၊ နှံစားပြောင်း သီးနှံများသည် ရာသီဥတုဒဏ် ခံနိုင်ရည်ရှိကာ မိုးနည်းရေရှားဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်ကာ လူသားများ၏ ကျန်းမာရေးအတွက် အထောက်အကူ ဖြစ်စေသည့် သီးနှံများဖြစ်သဖြင့် "၂၀၂၃ခုနှစ်ကို နိုင်ငံတကာ လူး၊ ဆပ်သီးနှံနှစ်" (International Year of Millet) အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်သော ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း တို့နှင့်အတူ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့်တောင်သူလယ်သမားရေးရာဝန်ကြီးဌာန Ministry of Agriculture and Farmers' Welfare ဝန်ကြီး Mr. Nnrendra Singh Tomar ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ၏နည်းပညာနှင့် သုတေသန ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံ၌ ဆောင်ရွက်မည့် ပဲမျိုးစုံ၊ နေကြာနှင့် ဆီထွက်သီးနှံများ၏ မျိုးစေ့ထုတ်လုပ်ငန်းတွင် အိန္ဒိယနိုင်ငံအစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများ ရင်းနှီးမြှုပ်နှံလိုသူများပါဝင်ဆောင်ရွက်နိုင်ရေး၊ သီးနှံထုတ်လုပ်ရောင်းဝယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ၏ နိုင်ငံတော်ပိုင် မျိုးစေ့ကော်ပိုရေးရှင်း National Seed Corporation (NSC) မှ Mr. ASHWANI KUMAR ဦးဆောင်သည့်အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနအောက်တွင် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးမှုလုပ်ငန်းများကို နိုင်ငံပိုင်စီးပွားရေး ကော်ပိုရေးရှင်းပုံစံဖြင့် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ ပဲမျိုးစုံ၊ နေကြာနှင့် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေးအတွက် လိုအပ်လာသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် နှစ်နိုင်ငံအကြား သုတေသနနှင့် မျိုးစေ့ထုတ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအတွက် အပင်ဗီဇအရင်းအမြစ်ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ITPGRFA) အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေး တက်ရောက်လာကြသူများနှင့်အတူ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားရေးရာဝန်ကြီးဌာန Ministry of Agriculture and Farmers' Welfare ဝန်ကြီး Mr. Nnrendra Singh Tomar က တည်ခင်းညစာ့ခံသည့် ဂုဏ်ပြုညစာစားပွဲနှင့် ယဉ်ကျေးမှုပဒေသာကပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၆ မှ

### ပထဝီနိုင်ငံရေး၊ စီးပွားရေးအရ ဆုံမှတ်သဖွယ်အချက်အချာကျရာမြန်မာ

မြန်မာနှင့် ရုရှားနိုင်ငံတို့ ခိုင်မာသောမဟာမိတ်တည်ဆောက်ခြင်းက သက်ဆိုင်ရာ နိုင်ငံများအပြင် မြန်မာနိုင်ငံပါဝင်သော ဒေသတွင်း အဖွဲ့အစည်းများနှင့် နိုင်ငံများအပေါ် ကြီးစွာသော အကျိုးသက်ရောက်မှုများရှိသည်ဟု မြင်ကြပါသည်။ ဤတွင်ပထဝီနိုင်ငံရေး၊ပထဝီစီးပွားရေးသဘောများပါ ပါဝင်လာသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသအတွက်ရော အာရှ-ပစိဖိတ်ဒေသကြီးတစ်ခုလုံးအတွက်ပါ အရေးပါသောနိုင်ငံဖြစ်သည်။

အာရှတိုက်၏အရှေ့ပိုင်းနှင့် အလယ်ပိုင်းကို အလွယ်တကူဝင်ထွက်နိုင်သော ဆုံမှတ်တွင်ရှိသည်။ အိန္ဒိယအတွက် အရှေ့တောင်အာရှထွက်ပေါက်နှင့် တရုတ်အတွက် အိန္ဒိယသမုဒ္ဒရာသို့ ဘင်္ဂလားပင်လယ်အော်ဝင်ပေါက်တွင်ရှိနေသော ရခိုင်ကမ်းရိုးတန်းသည် အလွန်အရေးပါပြီး အချက်အချာကျသည်။ တရုတ်၏ OBOR ပတ်လမ်း ကမ္ဘာလုံးဆိုင်ရာ အခြေခံ အဆောက်အအုံစီမံကိန်းတွင် မြန်မာနိုင်ငံ၏ အရေးကြီးသော ပင်လယ်ဆိပ်ကမ်းများ ပါဝင်ပတ်သက်နေသည်ကို အားလုံးက သတိပြုမိကြသည်။ ပစိဖိတ် သမုဒ္ဒရာကို ဖောက်ထွက်နိုင်သည့် ကပ္ပလီပင်လယ် ထွက်ပေါက်ရှိရာ တနင်္သာရီကမ်းရိုးတန်းကို ပိုင်ဆိုင်ထားခြင်းဖြင့် အရေးပါသောကမ်းရိုးတန်းနှစ်ခုရှိနေခြင်းက မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေး အားသာချက် များအဖြစ် ပုံဖော်နေသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံသည် အိန္ဒိယနှင့် တရုတ်၊ အခြားအရှေ့တောင်အာရှနိုင်ငံများအတွက် စင်္ကြံလမ်းကြောင်း တစ်ခုတည်းတွင် ရပ်တည်နေသည်ဟု ဆိုရမည်ဖြစ်သည်။

နိုင်ငံရေး၊ စီးပွားရေးအတွက် ပထဝီသဘောတရားအခြေခံများက သက်ဆိုင်ရာနိုင်ငံများ၏ မဟာဗျူဟာအကျိုးစီးပွားကိုဖော်ဆောင်ပါသည်။ "ကျွဲကူးရေပါ"၊ "ရေမြင့် ကြာတင့်" ဆိုသလို မိတ်ဆွေကောင်းတို့ မဟာမိတ်တို့မည်သည် ကောင်းမွန်သော အကျိုးကိုသာ ဖြစ်ထွန်းစေပါသည်။ မိမိအတွက်ရော ဒေသတွင်းနိုင်ငံများအတွက်ပါဖြစ်သည်။ စွမ်းအင်အကျပ်အတည်းကာလတွင် ရေနံနှင့်စွမ်းအင်ကို ပိုင်ဆိုင်သော နိုင်ငံကြီးတစ်နိုင်ငံနှင့် မဟာမိတ်ဖြစ်မှုသည် ရေနံလိုအပ်ချက်နှင့် ရင်ဆိုင်နေရသော ဒေသတွင်း စွမ်းအင်ပြဿနာကို ရေရှည်ဖြေရှင်းနိုင်ရေး အကျိုးဖြစ်ထွန်းစေပါလိမ့်မည်။ ဆိုလိုသည်မှာ ရေနံလောင်စာ သယ်ယူဆက်သွယ်မှုလမ်းကြောင်းများ ပိုမိုကောင်းမွန်လာပြီး ယခုထက်လုံခြုံစိတ်ချထိရောက်သည့်ဘက်သို့ ဦးတည်နိုင်မည့် အနေအထား တစ်ခုအထိ ရောက်ရှိသွားနိုင်ခြင်းကို ဆိုလိုပါသည်။

အချုပ်အားဖြင့်တော့ ရုရှားနိုင်ငံနှင့် အာရှပစိဖိတ်ရပ်ဝန်းနိုင်ငံများအကြား စီးပွားရေး အပါအဝင် နယ်ပယ်စုံမှ ရလဒ်ကောင်းများကို EEF ဖိုရမ်က သယ်ဆောင်ပေးတော့မည်ဖြစ်ပါသည်။ အမိမြေပြည်ထောင်စုကြီး၏ အချုပ်အခြာအာဏာကို ပိုင်ပိုင်နိုင်နိုင် ကာကွယ်စောင့်ရှောက်လျက် နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်ရေးနှင့် တည်ငြိမ်အေးချမ်းမှုကို ပိုမိုဆောင်ကြဉ်းပေးနိုင်တော့မည်ဟု ယုံကြည်မိပါသည်။

အထူးသဖြင့် သားစဉ်မြေးဆက်တစ်လျှောက် မျိုးဆက်သစ်များအတွက် မြော်မြင်ထားသည်ဆိုလျှင်လည်း မမှားပါ။ မဝေးတော့သော အနာဂတ်တစ်ခုတွင် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၌ အသက်တမျှ အရေးကြီးသည့် တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးမှတစ်ဆင့် မဲခေါင်နှင့် အရှေ့တောင်အာရှ အပါအဝင် ဒေသတွင်းနှင့်ကမ္ဘာကြီးငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ တာဝန်သိ၊ တာဝန်ရှိနိုင်ငံတစ်နိုင်ငံအနေဖြင့် ပိုမို၍အထောက်အကူပြုနိုင်တော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# သင်တန်းမှ သင်ကြားပေးလိုက်သည့် ပညာများကိုအခြေခံပြီး မိမိဝန်ကြီးဌာနနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်





**နေပြည်တော် စက်တင်ဘာ ၂၃**

မှတ်တမ်းဗီဒီယို ရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ဓာတ်ပုံသည် သမိုင်း**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သင်တန်းကာလတွင် သင်တန်းသားများအနေဖြင့် မီဒီယာနှင့်ပတ်သက်၍ အထိုက်အလျောက် ပညာရရှိပြီး ဆက်လက်လေ့လာသွားမည်ဆိုပါက အရှိန်ရသွားမည်ဖြစ်ကြောင်း၊ ဓာတ်ပုံပညာနှင့် ပတ်သက်၍ ဓာတ်ပုံသည် သမိုင်းဖြစ်ကြောင်း။

ယနေ့ခေတ်တွင် မီဒီယာသည် နည်းပညာတိုးတက်မှုနှင့်အတူ အရှိန်အဟုန်ဖြင့် လျင်မြန်စွာပြောင်းလဲတိုးတက်နေသောကြောင့် မီဒီယာအခန်းကဏ္ဍကို လိုက်လျောညီထွေစွာ လိုက်ပါဆောင်ရွက်နိုင်ရန် အရေးကြီးလာကြောင်း၊ လူမှုကွန်ရက်များတွင် သတင်းစီးဆင်းမှုများ အလွန်မြန်ဆန်လာသည့်အတွက် ပြည်သူများ သိသင့်သိထိုက်သည့် မိမိတို့ဌာန၏ ဆောင်ရွက်ချက်များကို မီဒီယာနည်းလမ်းဖြင့် အသိပေးသည့်နေရာတွင် တိကျမှုရှိပြီး မှန်ကန်မြန်ဆန်စွာ တင်ဆက်နိုင်ရန် အရေးကြီးသကဲ့သို့ အရည်အသွေးပြည့်မီပြီး အပြုသဘောဆောင်သည့် သတင်းမှတ်တမ်းများဖြစ်ရန်လည်း အရေးကြီးကြောင်း။

သင်တန်းသားများအနေဖြင့် သင်တန်းတွင် တတ်မြောက်သွားသည့် ပညာများအား မိမိဌာနလုပ်ဖော်ကိုင်ဖက်များကို ပြန်လည်မျှဝေပေးစေလိုကြောင်း၊ ဝါသနာပါပါကလည်း ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်စေလိုကြောင်း၊ ဓာတ်ပုံရိုက်ကူးရေး၊ ဗီဒီယိုတည်းဖြတ်ရေးပညာသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ယခုသင်တန်းမှ သင်ကြားပေးလိုက်သည့် ပညာများကို အခြေခံပြီး မိမိဝန်ကြီးဌာနနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတတ်နိုင်ဆုံး ကြိုးစားပါဝင်ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က သင်တန်းသားကိုယ်စားလှယ်များထံ သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ယင်းနောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ သင်တန်းသားများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ မှတ်တမ်းဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာသင်တန်း အမှတ်စဉ်(၁)သို့ ဝန်ကြီးဌာန ၁၂ ခုမှ သင်တန်းသား သင်တန်းသူ ၄၈ ဦးတက်ရောက်ကြပြီး စက်တင်ဘာ ၅ ရက်မှ ၂၃ ရက်အထိ ၁၅ ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော မြန်မာနိုင်ငံစာရေးဆရာအသင်းမှ အသင်းဝင်သားသမီးများအား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်



မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က ပညာရည်ချွန်ဆုရရှိသော ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

**ရန်ကုန် စက်တင်ဘာ ၂၃**

တက္ကသိုလ်ဝင် စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ သားသမီးများအား နဝမအကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းမ(အလယ်ဘလောက်)ရှိမြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က အသင်းဝင်များ၏ ပညာရည်ထူးချွန်သော သားသမီးများကို ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း သက်သာချောင်ချိရေးနှင့် ကျန်းမာရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမြတ်စိုး (မြတ်စိုး-လှိုင်)က ပညာရည်ချွန်ဆုချီးမြှင့်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ဂုဏ်ထူး ငါးဘာသာဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသူတစ်ဦး၊ လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ သုံးဦး၊ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ကျောင်းသားနှစ်ဦးတို့ကို မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က လည်းကောင်း၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ လေးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ခြောက်ဦးတို့ကို မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး) နှင့် ဒုတိယဥက္ကဋ္ဌ(၂) ဦးစိုးမြင့်(စိုးမှူး) တို့ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ရာ ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ကျောက်တန်း မြို့နယ်မှ လေးဘာသာ ဂုဏ်ထူးရှင် မအင်ကြင်းမေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ နဝမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူး ရှင် ရှစ်ဦးတို့ကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**
**ဓာတ်ပုံ - ကနူး**

# သထုံမြို့၌ "လူငယ်နှင့် အောင်မြင်မှု" ခေါင်းစဉ်ဖြင့် စာပေစကားဝိုင်းပြုလုပ်

**သထုံ စက်တင်ဘာ ၂၃**

မွန်ပြည်နယ် သထုံမြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသားကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် "လူငယ်နှင့် အောင်မြင်မှု" ခေါင်းစဉ်ဖြင့် စာပေစကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းရှိန်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက စာပေစကားဝိုင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စာပေစကားဝိုင်းကိုကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက အစီအစဉ်တင်ဆက်သူအဖြစ်ဆောင်ရွက်ပြီး အထက(၁)သထုံကျောင်းမှ Grade-11 ကျောင်းသား ကျောင်းသူလေးဦးတို့က "လူငယ်နှင့် အောင်မြင်မှု" ခေါင်းစဉ်အောက်မှ ၎င်းတို့ဖတ်ရှုလေ့လာထားသည့် "အောင်ပွဲခံခြေလှမ်းများ"နှင့် "မိမိကိုယ်ကို စီမံခန့်ခွဲခြင်း"ဆိုင်ရာ သိကောင်းစရာများကို စာရေးသူ၏ဆိုလိုရင်းနှင့် ၎င်းတို့၏အတွေ့အကြုံများ၊ အတွေးအခေါ်များဖြင့် ကျယ်ကျယ်ပြန့်ပြန့်မျှဝေဆွေးနွေးကြရာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းပြီး အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များနှင့် သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ စာပေစကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာမှတ်သားခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ညောင်လေးပင်မြို့၌ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ လူရွေးပွဲ ကျင်းပ

**ညောင်လေးပင် စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၆)ခရိုင် အသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ လူရွေးပွဲအား ယနေ့နံနက် ၈ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါရွေးချယ်ပွဲသို့ ညောင်လေးပင်၊ ဒိုက်ဦး၊ ကျောက်တံခါး၊ ရွှေကျင်၊ ကျောက်ကြီးမြို့နယ်များမှ အားကစားသမားများနှင့် ရွေးချယ်ရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး ကစားသမား ၃၂ ဦး ဝင်ရောက်အရွေးချယ်ခံခဲ့သည်။ ရွေးချယ်ခံရသော ကစားသမားများအား ရက်သတ္တတစ်ပတ်တိတိ စခန်းသွင်းလေ့ကျင့်ပေးမည်ဖြစ်ပြီး အောက်တိုဘာ ၁ ရက်တွင် ညောင်လေးပင်ခရိုင်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ ခရိုင်တာဝန်ခံအဖြစ် ညောင်လေးပင်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းအောင်က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်လွင်(ညောင်လေးပင်)**

# “ဒေသသမိုင်း၊ မြန်မာရာဇဝင်ကျမ်းများနှင့် သမိုင်းတန်ဖိုး”သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

“ဒေသသမိုင်း၊ မြန်မာရာဇဝင်ကျမ်းများနှင့် သမိုင်းတန်ဖိုး” သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ရာဇဝင်ကျမ်းများ ရှိလာခဲ့သည့်အတွက် မိမိတို့၏ အတိတ်သမိုင်းကို သိရှိနားလည်ပြီး သမိုင်းက ပေးဆောင်သည့် အင်အားများကို အသုံးချနိုင်မည်ဖြစ်ကြောင်း၊ အတိတ်ကပေးသည့်အခြေအနေနှင့် သမိုင်းကြောင်းကို နားမလည်ပါက ပစ္စုပ္ပန်အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည်လည်း အရာရောက်မည်မဟုတ်ကြောင်း၊ အတိတ်က ရှေးဘိုးဘေးဘီဘင်များကို ကျေးဇူးတင်ရမည်ဖြစ်ပြီး ၎င်းတို့ ရေးသားပြုစုခဲ့သည့် ရာဇဝင်ကျမ်းများသည် ယနေ့တိုင် အသုံးဝင်နေဆဲ၊ အကျိုးပြုနေဆဲဟု ဆိုရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သမိုင်းသုတေသနနှင့်အမျိုးသား



စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က သုတေသနစာတမ်းဖတ်ပွဲကျင်းပမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

နံနက်ပိုင်းစာတမ်းဖတ်ကြားခြင်းအစီအစဉ်တွင် ညွှန်ကြားရေးမှူး ဒေါက်တာလဲ့လဲ့ဝင်းက “ကရင်ရာဇဝင်နှင့် မွန်ရာဇဝင်များက ဖော်ပြသော ကရင်ပြည်နယ် မြဝတီဒေသရှိ မြဝတီမြို့ဟောင်းကို လေ့လာခြင်း” စာတမ်းကို ဖတ်ကြားဆွေးနွေးပြီး မြန်မာသမိုင်းအဖွဲ့ဝင် ဒေါက်တာမြင့်သိန်းက သဘာပတိအဖြစ်လည်းကောင်း၊ မွန်းလွဲပိုင်း စာတမ်းဖတ်ကြားခြင်းအစီအစဉ်တွင် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြမြသောင်းက “တောင်ငူရာဇဝင်များ၏သမိုင်းတန်ဖိုး” စာတမ်းကို ဖတ်ကြားဆွေးနွေးခဲ့ပြီး မြန်မာသမိုင်းအဖွဲ့ အချိန်ပိုင်းအဖွဲ့ဝင် ဦးကျော်စိုးက သဘာပတိအဖြစ်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြင့်မြင့်စန်းက “ရာဇဝင်နှင့် ခေတ်ပြိုင်အထောက်အထားများမှရရှိသော စလေဒေသသမိုင်း” စာတမ်းအား ဖတ်ကြားဆွေးနွေးခဲ့ပြီး မြန်မာသမိုင်းအဖွဲ့ အချိန်ပိုင်းအဖွဲ့ဝင် ဦးတင်ခြုံက သဘာပတိအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့ကြကာ စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် ဌာနဆိုင်ရာများက သိရှိလိုသည်များနှင့် အကြံပြုလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက သုတေသနစာတမ်းရေးသားရာတွင် ချဉ်းကပ်ပုံနည်းလမ်းသတိပြုရန်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ စစ်ရေး စသည်ဖြင့် မည်သည့်အမြင်ဖြင့် ရေးသားမည်ကို သိရှိနေရမည်ဖြစ်ကြောင်း၊ ယနေ့ စာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့သည့် စာတမ်း သုံးစောင်တွင် ပါဝင်သည့် ဒေသ သုံးခု၏ ရာဇဝင်သမိုင်းကြောင်းများကို သိရှိရသဖြင့် တန်ဖိုးရှိသောသုတေသနစာတမ်းဖတ်ပွဲတစ်ခုဖြစ်ကြောင်း ပြောကြားပြီး သဘာပတိများနှင့် စာတမ်းရှင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာသမိုင်းအဖွဲ့ဝင်ဆရာကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စာတမ်းရှင်များ၊ အခြားဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲနှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)မှ ဝန်ထမ်းများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။ **သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့၌ ကျင်းပသော ဇီဝလုံခြုံမှုရရှိရေး အလုပ်ရုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ တက်ရောက်မည်

နေပြည်တော် စက်တင်ဘာ ၂၃

ကျန်းမာရေးဝန်ကြီးဌာနသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်များ၊ ဆေးသုတေသနနှင့် ဆေးပညာလေ့ကျင့်သင်ကြားရေးနယ်ပယ်များတွင် အတွေ့အကြုံဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ် မြို့တွင် စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ကျင်းပမည့် ခေတ်မီမော်လီကျူလာ မျိုးရိုးဗီဇနည်းပညာအသုံးပြု၍ ဇီဝပိုင်းဆိုင်ရာလုံခြုံမှုရရှိရေး အလုပ်ရုံဆွေးနွေးပွဲ “Using modern molecular genetic technologies in ensuring biological safety” သို့ ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်ကြီး (အဏုဇီဝဗေဒ) နှစ်ဦးနှင့် ဆေးဘက်ဆိုင်ရာနည်းပညာကျွမ်းကျင်ဝန်ထမ်း နှစ်ဦး တက်ရောက်မည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အဓိကအားဖြင့် HIV ရောဂါ၊ အသည်းရောင်ရောဂါ (ဘီ)နှင့် (စီ) နှင့် တီဘီရောဂါတို့၏ မျိုးရိုးဗီဇအစီအစဉ် လေ့လာခြင်းနည်းပညာ (Genetic Sequencing)နှင့် ခေတ်မီမော်လီကျူလာ နည်းပညာတို့နှင့်ပတ်သက်၍ ပိုမိုသိမြင်ကျွမ်းကျင်စေရန် လေ့ကျင့်သင်ကြားခြင်း အစီအစဉ်များပါဝင်၍ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်မည့် ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Emirates လေကြောင်းလိုင်းဖြင့် ရုရှားနိုင်ငံသို့ ထွက်ခွာသွားခြင်းဖြစ်သည်။




ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာနှင့် ဆေးပညာနယ်ပယ်တွင် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိရာ မကြာမီကာလများတွင်လည်း အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများတက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ကိုယ်စားလှယ်များ ထပ်မံစေလွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



(၅၈)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက လွိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ မင်းကျောင်းပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်း၌ ကယားပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမောင်မောင်ဦး၊ လွိုင်ကော်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုရဲမှူးကြီး ထင်အောင်လင်းတို့ဦးစီး၍ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲ၊ လွိုင်ကော်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ လွိုင်ကော်မြို့နယ် ရဲတပ်ဖွဲ့၊ အမှတ်(၅) မှုခင်းရဲတပ်ဖွဲ့စု(CID)၊ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(လွိုင်ကော်)၊ လူကုန်ကူးရဲတပ်ဖွဲ့စု၊ ရဲအရာရှိ/အရာခံ/အကြပ်/တပ်သား/ရဲမေ တပ်ဖွဲ့ဝင်များ စုစုပေါင်း ၉၂ ဦးတို့က ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ကိုဇင်(လွိုင်ကော်)

# မိုးနဲမြို့နယ်၌ ဌာနဆိုင်ရာများပူးပေါင်းအဖွဲ့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မိုးနဲ စက်တင်ဘာ ၂၃

ပြည်သူများအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေအမှန်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိစေရန်အတွက် စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ မိုးနဲမြို့နယ် ပေါ့မိုင်းရပ်ကွက်ရှိ မဟာသုခချမ်းသာကြီးဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



တွေ့ဆုံပွဲတွင် မြို့နယ်စီမံအုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က မိမိတို့ရပ်ရွာဒေသ နယ်မြေဒေသလုံခြုံရေး၊ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်ကိုထွန်းက နယ်မြေအေးချမ်းသာယာရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ ကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအောင်က မူးယစ်ဆေးဝါးကင်းစင်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မှုခင်းကျဆင်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း စသည့်ဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ မိမိတို့ဌာနအလိုက်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်နေပြည်သူများ၏ မေးမြန်းတင်ပြချက်များအပေါ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝိုးတောင်း**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို ရှမ်းပြည်နယ်က အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် ကျင်းပလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်ကအိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပခွင့်ရသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲမှ ပြိုင်ပွဲဝင်အသင်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က စားစရိတ်နှင့် ပြိုင်ပွဲကျင်းပစရိတ် ငွေကျပ်သိန်း ၃၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် တောင်ကြီးမြို့ လေ့ကျင့်ရေး အားကစားရုံ၌ စက်တင်ဘာ ၂၂ ရက် ညနေပိုင်းက ကျင်းပသည့် ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းများအား ကြိုဆိုမိတ်ဆက်ခြင်းအခမ်း အနားတွင်ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်း က တာဝန်ရှိသူများထံ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပရသည့် ရည်ရွယ်ချက်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ အားကစားသမား အသီးသီး၏ မတူကွဲပြားသော ကစားပုံ၊ ကစားဟန် များကို လေ့လာဖလှယ်နိုင်စေရန်၊ တိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်၊ ဒေသ အသီးသီးမှ ပြိုင်ပွဲဝင်များအနေဖြင့် ရှမ်းပြည်နယ်၏ ယဉ်ကျေးမှု ဓလေ့စရိုက် ဒေသန္တရဗဟုသုတများ လေ့လာခွင့်ရရှိစေရန် ရည်ရွယ်ကြောင်း၊ ဝင်ရောက် ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် "မြန်မာ့ဘိလိယက် လက်စွမ်းထက်၊ တိုးတက်ပြန့်ပွား ဒို့ကြိုးစား" ဆိုသည့် လေးနက်သော တိုးတက်မြင့်မား ရေးဆိုင်ရာ ခံယူချက်ဖြင့် အလေးအနက်ထား ယှဉ်ပြိုင်သွားကြရန် ပြောကြားသည်။

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်/စနူကာပြိုင်ပွဲကို စက်တင်ဘာ ၂၂ ရက် မှ ၂၉ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# အချိန်နှင့်အမျှ တိုးတက်နေသည့် IT နည်းပညာများကို ဆက်လက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၃**

ယခုသင်တန်းတွင် သင်တန်း သားများကို ITနှင့်သက်ဆိုင်သော အသုံးချဘာသာရပ်များကို အခြေခံ မှစတင်၍ သင်ကြားပို့ချပေးခဲ့ပြီး ဖြစ်ရာ ယခင်ရှိပြီးသော လုပ်ငန်း အတွေ့အကြုံ၊ ဗဟုသုတများ ပေါင်းစပ်၍ ရှာဖွေစုဆောင်း လေ့လာသင်ယူနိုင်စွမ်းရှိမှု၊ ဝေဖန် ဆန်းစစ်ခွဲခြမ်းစိတ်ဖြာ သုံးသပ်နိုင်မှုစသည့် အရည်အချင်းများနှင့်အတူ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အသုံးချ၍ လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိရှိ အသုံးချဆောင် ရွက်သွားကြရန်၊ အချိန်နှင့်အမျှ တိုးတက်နေသည့် IT နည်းပညာ များကို ဆက်လက်လေ့လာ သွားကြရန်နှင့် မိမိတို့မှတစ်ဆင့် ဆင့်ပွားပညာ ဖြန့်ဝေသွားကြ ရန်တိုက်တွန်းမှာကြားလိုကြောင်း ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျက ပြောကြား သည်။




လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးလုပ်ငန်းဆိုင်ရာကျွမ်းကျင်မှု မွမ်းမံသင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီက နေပြည်တော် ဗဟိုသင်တန်းကျောင်း၌ ကိုဗစ် -၁၉ ကာကွယ်ရေးစည်းကမ်းများ နှင့်အညီ ကျင်းပရာ လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာ အောင်ဇေယျ က ယင်းသို့ပြောကြားခြင်းဖြစ် သည်။

ထို့ပြင် ပေးအပ်လာသည့် တာဝန်နှင့်ဝတ္တရားများကိုဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ယူ၊ တာဝန်ခံနိုင်သည့်သူ များဖြစ်ရေး နေထိုင်ကျင့်ကြံသွားကြ ရန် နိုင်ငံတော်နှင့် ဝန်ကြီးဌာန အတွက်၊ မိမိလုပ်ငန်းခွင်အတွက် အားကိုးအားထားပြုလောက် သည့် သီလ၊ သမာဓိ၊ ပညာပြည့်ဝ သော ဝန်ထမ်းကောင်းများဖြစ် အောင် ကြိုးစားဆောင်ရွက်ကြရန်၊ ဌာနအကျိုး၊ ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးကို စိတ်ကောင်း စေတနာကောင်းအပြည့်ဖြင့် ဆောင်ရွက်နိုင်သည့် နိုင်ငံ့ဝန်ထမ်း ကောင်းများဖြစ်အောင် ကြိုးပမ်း ကြရန်လိုကြောင်း ဒုတိယဝန်ကြီး က ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ရုံးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု မွမ်းမံသင်တန်း အမှတ်စဉ်(၃) သင်တန်းမှ ထူးချွန်ဆုရရှိသူများ အား ဂုဏ်ပြုဆုများကို လည်း ကောင်း၊ သင်တန်းဆင်းလက်မှတ် များကို သင်တန်းသားများထံသို့ လည်းကောင်း ပေးအပ်ခဲ့ သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား ၅၀ တက်ရောက် ခဲ့ပြီး ရက်သတ္တ ရှစ်ပတ်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

# သနပ်ပင်မြို့နယ်၌ မိုးကြိုအခြောက်ကြဲ စိုက်ကွက်ရိတ်သိမ်းပွဲကျင်းပ

**သနပ်ပင် စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့နံနက်ပိုင်းက အောက်စုရပ်ကွက်ရှိ တောင်သူ ဦးကျော့ရွှေ၏ လယ်မြေကွင်းအမှတ်(၈၅၈-က) ဦးပိုင်အမှတ်(၁)၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်၊ သနပ်ပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ကြူကြူမြင့် နှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ တောင်သူများက မိုးစပါးစံကွက် စပါးရိတ်ခြွေစက်ဖြင့် ရိတ်ခြွေနေမှုများ နှင့် မိုးစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှု ကြသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် လယ်ယာမြေစီမံခန့်ခွဲ ရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများက ဆင်းသုခ မျိုးစပါး စိုက်ဧက ၁၅ ဧကရိတ်သိမ်းရာတွင် တစ်ဧက အစိုချိန် ၇၈ ဒသမ ၇၅ တင်းထွက်ရှိကြောင်း သိသည်။

လှမိုး(ပြန်/ဆက်)



# ကွင်းကောက်မြို့၌ အခြေခံစားသုံးကုန်များ ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချ

**အင်္ဂပူ စက်တင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ ကုန်စည်ဈေးနှုန်းများ မြင့်တက်နေမှုကို ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်းပြီး ယနေ့နံနက်ပိုင်းက အင်္ဂပူမြို့နယ် ကွင်းကောက်မြို့ ငွေသာစည်ဈေးတွင် ပြည်သူများအား ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် အခြေခံစားသုံးကုန်စည်များ ရောင်းချပေးခဲ့သည်။

အဆိုပါစားသုံးကုန်များရောင်းချရာသို့ အင်္ဂပူမြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးလင်းတို့က ဈေးရောင်း၊ ဈေးဝယ်မှုများအား ကြည့်ရှုအားပေးသည်။ ထိုသို့ ရောင်းချရာတွင် ဆန်တစ်ပြည်လျှင် ကျပ် ၁၅၀၀ဖြင့် ဆန် ၁၀ အိတ်၊ ကြက်ဥ သုံးလုံး ကျပ် ၅၀၀ နှုန်းဖြင့် ကြက်ဥ အလုံး ၁၀၀၀ ၊ စားသုံးဆီ ၁၁၆ ပိဿာ၊ ဟင်းသီး၊ ဟင်းရွက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေး ခဲ့ကြောင်း သိရသည်။



မန်းကျော်(ပြန်/ဆက်)

# ဝါးခယ်မမြို့နယ်၌ ငါးများဈေးနှုန်းသက်သာစွာ ရောင်းချပေး

**ဝါးခယ်မ စက်တင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ ယနေ့ နံနက် ၉ နာရီတွင် ပြည်သူများ ငါးစားသုံးမှု အဆင်ပြေစေရေးအတွက် ငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ကြောင်းသိရသည်။

ပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ဝါးခယ်မ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးမွေးကန်ပိုင်ရှင် ဒေါ်နှင်းနှင်းအေးတို့ ပူးပေါင်း၍ ဝါးခယ်မမြို့နယ် မြစ်ကလေးကျေးရွာအတွင်းရှိ ဒေသခံပြည်သူ ၅၀ အား ငါးမြစ်ချင်း တစ်ပိဿာ ၃၀၀၀ ကျပ်နှုန်းဖြင့် ပိဿာ ၃၀၊ ငါးတန် တစ်ပိဿာ ၃၀၀၀ ကျပ်နှုန်းဖြင့် ပိဿာ ၃၀၊ ငါးခေါင်းပွတစ်ပိဿာ ၃၅၀၀ ကျပ်နှုန်းဖြင့် ၂၅ ပိဿာ၊ မြက်စားငါးကြင်း တစ်ပိဿာ ၄၀၀၀ ကျပ်နှုန်းဖြင့် ပိဿာ ၂၀ ၊ တီလားဗီးယား တစ်ပိဿာ ၂၀၀၀ ကျပ်နှုန်းဖြင့် ပိဿာ ၄၀ နှင့် ထိုင်ဝမ်ငါးခုံးမကြီး တစ်ပိဿာ ၂၀၀၀ ကျပ်နှုန်းဖြင့် ၁၅ ပိဿာ စုစုပေါင်း ငါးပိဿာချိန် ၁၆၀ ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

■ ကျောဖုံးမှ

Myanmar Labour News ၌ ဖော်ပြပါရှိသောသတင်းနှင့်ပတ်သက်ပြီး ၇-၉-၂၀၂၂ ရက်နေ့ မွန်းလွဲ (၃:၀၀)နာရီတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတို့၏ တာဝန်ခံအရာရှိများသည် စက်ရုံသို့ သွားရောက်၍ လုပ်ငန်းပိုင်ရှင်၊ လုပ်ငန်းခွင်ညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များနှင့် အလုပ်သမားတို့အား စစ်ဆေးမေးမြန်းခဲ့ရာ သတင်းအမှန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တစ်ရက်အလုပ်ချိန်မှာ နံနက်(၈:၀၀)နာရီမှ ညနေ(၄:၀၀)နာရီအထိဖြစ်ပြီး နားချိန်(၁၂:၀၀)နာရီမှ (၁၂:၃၀)နာရီအထိဖြစ်ကြောင်း၊

(ခ) အချိန်ပိုခိုင်းစေမှုရှိပြီး အလုပ်သမားများ၏သဘောတူညီမှုရယူပြီး ဤဦးစီးဌာန ခွင့်ပြုချက်ဖြင့် ညနေ(၄:၃၀)နာရီမှ (၆:၃၀)နာရီအထိလုပ်ကိုင်ကြောင်း၊

(ဂ) တနင်္ဂနွေနေ့များတွင် အလုပ်လုပ်ကိုင်ရပါက အလုပ်သမားများ၏ သဘောဆန္ဒရယူ၍ ဤဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ကြောင်း၊

(ဃ) အများပြည်သူပိတ်ရက်များတွင် အလုပ်လုပ်ကိုင်ရခြင်းမရှိကြောင်း၊

(င) ဥပဒေပါခွင့်ရက်များ တောင်းခံလာပါက ခံစားခွင့်ပေးကြောင်း၊

(စ) အလုပ်သမားများအား စံချိန်မတရားတောင်းပြီး ဆဲဆိုခြင်းများမရှိကြောင်း၊

(ဆ) ညဆိုင်းခိုင်းစေခြင်းမရှိသောကြောင့်ညအိပ်ရန်နေရာစီစဉ်ရန်မလိုအပ်ပါကြောင်း၊

(ဇ) အလုပ်ရှင်၊ အလုပ်သမားသဘောတူညီချက်စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပြီး ဥပဒေမဲ့ထုတ်ပယ်ခြင်းမရှိကြောင်း။

သို့ဖြစ်ပါ၍ Myanmar Labour News တွင်ဖော်ပြပါရှိသော Rong Da Garment Co.,Ltd အထည်ချုပ်စက်ရုံနှင့်ပတ်သက်သည့် သတင်းမှာစက်ရုံများတွင် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်း သာယာမှု ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် သွေးထိုးလှုံ့ဆော်ခြင်းသာဖြစ်ပြီး မှန်ကန်မှုမရှိကြောင်း သတင်းမှန်ထုတ်ပြန်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန



## အလုံမြို့နယ်၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင် မြောက်ရပ်ကွက် ဓမ္မာရုံ၌ စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် ပြည်သူများ နေ့စဉ် သုံးစွဲနေကြသည့် စားသောက်ကုန်များ၊ ဈေးနှုန်းသက်သာစွာဝယ်ယူစားသောက်နိုင်ရေးအတွက် တစ်အိမ်ထောင်လျှင် ဆန်တစ်ပြည်၊ ဆီငါးဆယ်ကျပ်သား၊ ကြက်ဥခြောက်လုံးတို့ကို ငွေကျပ် ၅၂၀၀ ဖြင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချရာ၌ အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့်အတူ ရပ်မိရပ်ဖများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်။

### အခမဲ့ဖြန့်ဝေ

ရောင်းချနေစဉ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် လာရောက်ဝယ်ယူသူများကို အလုံမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းထွန်းနှင့် အဖွဲ့ဝင်များက နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

မောင်မောင်ကျော်

■

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် စက်တင်ဘာ ၂၃

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၃၇၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၆၀၈၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၁၄၃၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ဒေသခံပြည်သူ ၇၂၆၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

### ထိုးနှံပေး

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင်ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၇၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိမြို့နယ် ငါးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၃၆၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ကျောင်းသား ကျောင်းသူ ၅၃၂ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ငါးမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နှင့် ဖျာပုံမြို့၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



စစ်တွေမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

## လှည်းကူးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများ ဖြန့်ဝေ

လှည်းကူး စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန် ယနေ့နံနက် ၆ နာရီက မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီပူးပေါင်းအဖွဲ့က ဦးဆောင်၍ မီလာဂါးဒန်းစက်ရုံဝန်ထမ်းများအား ပါးစပ်နှင့် နှာခေါင်းစည်းများတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ပြီးနှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လှည်းကူးမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ထွေ/အုပ်ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက လှည်းကူးမြို့ မီလာဂါးဒန်းစက်ရုံမှ ဝန်ထမ်းများအား လက်ဝယ်အရောက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း



## ကျွန်းလှမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် ဆက်လက်ထိုးနှံပေး

ကျွန်းလှ စက်တင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး တတိယအကြိမ်ထိုးနှံပေးခြင်းကို ယနေ့နံနက် ၇ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေး ထိုးနှံပေးရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီး ခြောက်လပြည့် သံဃာတော်များ၊ သီလရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အသက် ၁၈ နှစ်အထက်ပြည်သူများ၊ ကျောင်းသားကျောင်းသူများအား ထပ်ဆောင်းကာကွယ်ဆေး တတိယအကြိမ်ထိုးနှံပေးကြောင်း၊ ဦးတည်အုပ်စုပါဝင်သည့် ပြည်သူများအား ပထမအကြိမ်နှင့် ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ဆရာဝန်ကြီးနှင့် တာဝန်ရှိသူတို့က ကြီးကြပ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၄၉၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၀၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၃-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၄၉၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၀၀) တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂ . ၆၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၈၃,၇၇၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၂၀,၇၄၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ ၂၂၆ ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၆,၅၀၆) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၅၃) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၉-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၃၈) ဦးရှိရာ ၎င်းတို့အနက် (၉၇) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည်ရောဂါအခံတစ်ခုခု ရှိသူများဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၇၉.၄)ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၈.၆) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိသူများနှင့် (၂) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၇၉.၄ ရာခိုင်နှုန်းသည် | ၁၈.၆ ရာခိုင်နှုန်းသည် | ၂ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာလျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါအခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း(Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၇၇၉၅၇၂၈ | ၉၄၃၆၇၃၄၂ | ၁၀၈၀၈၃၆ |
| ၂။ | အိန္ဒိယ | ၄၄၅၅၈၄၂၅ | ၄၃၉၈၄၆၉၅ | ၅၂၈၄၄၉ |
| ၃။ | ပြင်သစ် | ၃၅၀၅၀၁၃၃ | ၃၄၄၀၉၃၉၂ | ၁၅၄၈၅၄ |
| ၄။ | ဘရာဇီး | ၃၄၆၅၉၅၂၆ | ၃၃၇၈၈၇၂၄ | ၆၈၅၇၂၅ |
| ၅။ | ဂျာမနီ | ၃၂၉၀၅၀၈၆ | ၃၂၁၀၂၁၀၀ | ၁၄၉၃၆၈ |
| ၆။ | တောင်ကိုရီးယား | ၂၄၅၆၅၀၂၁ | ၂၃၅၇၈၇၃၁ | ၂၈၀၇၇ |
| ၇။ | ဗြိတိန် | ၂၃၆၂၁၉၅၂ | ၂၃၃၁၉၅၀၅ | ၁၈၉၉၁၉ |
| ၈။ | အီတလီ | ၂၂၄၁၃၆၉ | ၂၁၆၅၁၈၅၉ | ၁၇၆၇၇၅ |
| ၉။ | ဂျပန် | ၂၀၉၁၈၈၄၃ | ၂၀၁၂၇၉၂၅ | ၄၄၁၇၇ |
| ၁၀။ | ရုရှား | ၂၀၆၉၄၈၉၄ | ၁၉၆၅၂၁၈၇ | ၃၈၆၅၅၁ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၇၀၁၆၄ | ၁၀၅၈၅၂၆၆ | ၄၃၁၄၆ |
| ၂။ | အင်ဒိုနီးရှား | ၆၄၁၉၃၉၄ | ၆၂၃၉၀၉၈ | ၁၅၇၉၈၆ |
| ၃။ | မလေးရှား | ၄၈၂၆၂၂၀ | ၄၇၆၄၂၁၉ | ၃၆၃၄၂ |
| ၄။ | ထိုင်း | ၄၆၇၇၀၉၀ | ၄၆၃၆၁၆၃ | ၃၂၆၉၅ |
| ၅။ | ဖိလစ်ပိုင် | ၃၉၃၂၁၅၅ | ၃၈၃၉၃၆၉ | ၆၂၇၃၀ |
| ၆။ | စင်ကာပူ | ၁၈၈၄၈၅၉ | ၁၈၀၄၉၀၇ | ၁၆၀၉ |
| ၇။ | မြန်မာ | ၆၂၀၇၄၄ | ၅၉၆၅၀၆ | ၁၉၄၅၃ |
| ၈။ | ဘရူနိုင်း | ၂၂၆၂၃၇ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၆၅၄ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၈၂၇ | ၁၃၄၆၉၁ | ၃၀၅၆ |

## မော်လမြိုင်ကျွန်းမြို့နယ်၌ မျိုးဆောင်ငါးသလောက်ငါးများဖမ်းဆီးမှုမရှိစေရေး ကွင်းဆင်းပညာပေး

မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ မျိုးဆောင်ငါးသလောက်ငါးများသားပေါက်ရန် ဘိုကလေးမြစ်ကြောင်းမှ ရေချိုသို့ရွှေ့ပြောင်းသွားလာသည့် ရာဇူတိုင်မြစ်ကြောင်းတစ်လျှောက်တွင် စက်တင်ဘာ ၁၅ မှ အောက်တိုဘာ ၁၅ ရက်အထိ မျိုးဆောင်ငါးသလောက်ငါးများဖမ်းဆီးမှုမရှိရေး အသိပညာပေးခြင်းကိုယနေ့ နံနက် ၉နာရီက ရာဇူတိုင်မြစ်ကြောင်း တစ်လျှောက်ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းရည်စိုးနှင့်တာဝန်ရှိသူများက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရေလုပ်သားများအား အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် အသိပေးတားမြစ်ချက်ဗီနိုင်းစိုက်ထူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်အောင်(ပြန်/ဆက်)**



# ကမ္ဘောဒီးယားနိုင်ငံ ခိုတန်းကျွန်းအနီး၌ ငါးဖမ်းသင်္ဘောတစ်စင်း နစ်မြုပ်၊ ခရီးသည် ၂၀ ကျော် ပျောက်ဆုံး



**ဖနောင်ပင် စက်တင်ဘာ ၂၃**

ကမ္ဘောဒီးယားနိုင်ငံ ခိုတန်းကျွန်းအနီး၌ ငါးဖမ်းသင်္ဘောတစ်စင်း ယမန်နေ့က နစ်မြုပ်သွားခဲ့ရာ ခရီးသည် ၂၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ကမ္ဘောဒီးယားအာဏာပိုင်များက ထိုင်းပင်လယ်ကွေ့၌ ပျောက်ဆုံးသူများအား ရှာဖွေကယ်ဆယ်လျက်ရှိကြောင်း သိရသည်။

အဆိုပါငါးဖမ်းသင်္ဘောပေါ်တွင် တရုတ်နိုင်ငံသား ၄၁ ဦးလိုက်ပါစီးနင်းခဲ့ရာ ၎င်းတို့အနက် ၁၈ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ၂၃ ဦးသည် ပျောက်ဆုံးလျက်ရှိကြောင်း ပြည်နယ်ရဲချုပ် ချူအွန်နာရင်က ပြောကြားသည်။

အဆိုပါငါးဖမ်းသင်္ဘောသည် မည်သည့်နေရာမှ ထွက်ခွာလာကြောင်းနှင့် ကမ္ဘောဒီးယားကမ်းလွန် လွင်ပြင်သို့ မည်သည့်ရည်ရွယ်ချက်ဖြင့် ရောက်ရှိနေသည်ဆိုသည်ကို မသိရသေးပေ။ သို့သော် သင်္ဘောတွင်လိုက်ပါစီးနင်းလာသည့် ကမ္ဘောဒီးယားနိုင်ငံသား နှစ်ဦးသည် ၎င်းတို့သင်္ဘော စက်ချွတ်ယွင်းခဲ့သည့်အတွက် အခြားသင်္ဘောတစ်စင်းဖြင့် လိုက်ပါခဲ့ပြီး ခရီးသည်များအား စက်ချွတ်ယွင်းသည့် သင်္ဘောပေါ်တွင် ချန်လှပ်ထားခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ဆိုသည်။

အဆိုပါသင်္ဘောသားနှစ်ဦးအား ဖမ်းဆီးထားပြီး ဆက်လက်စုံစမ်းမေးမြန်းလျက်ရှိသည်။

ယင်းကိစ္စရပ်နှင့်ပတ်သက်ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘောဒီးယားအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝင်ဘင်က ဆိုသည်။

ပျောက်ဆုံးသူများအား ဆက်လက်ရှာဖွေရန်နှင့် အဆိုပါသင်္ဘောနှင့်ပတ်သက်သည့် ကိစ္စရပ်များကို အမြန်ဆုံးဖော်ထုတ်ရန် ကမ္ဘောဒီးယားအာဏာပိုင်များအား တိုက်တွန်းပြောကြားထားကြောင်း ဝမ်ဝင်ဘင်က ဆိုသည်။

သင်္ဘောမှောက်သည့်ဖြစ်စဉ်တွင် ပျောက်ဆုံးသွားသူများကို ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ပေးခဲ့သည့် ပုဂ္ဂလိကစက်လှေလုပ်ငန်းလုပ်ကိုင်သူများကို ခရီးသည်တစ်ဦးစီလျှင် အမေရိကန်ဒေါ်လာ ၅၀၀ ဆုချီးမြှင့်ကြောင်း ကြေညာခဲ့သည်။

သင်္ဘောပေါ်တွင် အမျိုးသား ၃၈ ဦးနှင့် အမျိုးသမီး သုံးဦးလိုက်ပါစီးနင်းခဲ့ပြီး စက်တင်ဘာ ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် သင်္ဘောနစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ပြန်လည် ကယ်ဆယ်နိုင်ခဲ့သူများအား အခင်းဖြစ်ပွားရာနေရာအနီးရှိ ကမ္ဘောဒီးယားရေတပ်အခြေစိုက်စခန်းသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ**

**ဘာသာပြန်– အောင်ကျော်ကျော်**

# အာဂျင်တီးနားနိုင်ငံ၌ ရေနံချက်စက်ရုံတစ်ရုံ ပေါက်ကွဲမှုဖြစ်ပွား၊ အနည်းဆုံးသုံးဦးသေဆုံး

**ဗျူနိုအေးရိစ် စက်တင်ဘာ ၂၃**

အာဂျင်တီးနားနိုင်ငံ တောင်ပိုင်း နျူကွန်ပြည်နယ် Plaza Huincul မြို့ရှိ နယူးအမေရိကန်အမည်ရှိ ရေနံချက်စက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ သုံးဦး အနည်းဆုံး သေဆုံးခဲ့ကြောင်း သိရသည်။



အဆိုပါပေါက်ကွဲမှုသည် အလွန်ပြင်းထန်ကြောင်းနှင့် လက်ရှိအချိန်ထိ သုံးဦးသေဆုံးခဲ့ကြောင်း မြို့တော်ဝန် ဂူစတာဗို ဆွာရက်ဇ်က ပြောကြားသည်။

ရေနံချက်စက်ရုံရှိ ပင်မရေနံစိမ်းကန်တစ်ခု ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်းနှင့် အနီးပတ်ဝန်းကျင်ရှိ ရေနံစိမ်းကန်ခြောက်ခု မီးလောင်သွားခဲ့ကြောင်း ဆွာရက်ဇ်က ဆက်လက်ပြောကြားသည်။

မီးသတ်သမားများက အခြားသော ရေနံစိမ်းကန်များမီးလောင်မှု မဖြစ်စေရေး ကြိုးပမ်းလျက်ရှိကြောင်း ၎င်းကဆိုသည်။

လက်ရှိအချိန်အထိ ရေနံချက်လုပ်သား မည်မျှပျောက်ဆုံးနေသည်ကို အတိအကျ မပြောနိုင်သော်လည်း ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် စက်ရုံအတွင်း အလုပ်သမားများ ရှိနေခဲ့ကြောင်း နျူကွန်ပြည်နယ် အရပ်ဘက်ကာကွယ်ရေးနှင့် နိုင်ငံသားကာကွယ်ရေးအဖွဲ့မှ အကြီးအကဲ မာတင်ဂူစတီက သတင်းထောက်များအား ပြောကြားသည်။

အဆိုပါ ရေနံချက်စက်ရုံသည် ဗျူနိုအေးရိစ်မြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၁၂၅၀ ခန့်တွင် တည်ရှိပြီး ဒီဇယ်ဆီ၊ ပျော့ရည်များ၊ ကတ္တရာနှင့် အခြားသော ရေနံထုတ်ကုန်များ သန့်စင်ထုတ်လုပ်လျက် ရှိသည်။

**ကိုးကား– ဆင်ဟွာ**

**ဘာသာပြန်– အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ၃၅ ဦး ထပ်မံသေဆုံး

**မနီလာ စက်တင်ဘာ ၂၃**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၅ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၂၇၃၀ ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၃၇၈ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၃၂၀၅၅ ဦးရှိလာကြောင်း သိရသည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၃၀၀၅၆ ဦး ရှိပြီး ထပ်မံကူးစက်ခံရသူများအနက် ၁၀၂၆ ဦးသည် မြို့တော်မနီလာမှ ဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၇၂ ဒသမ ၉ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။ **ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်– အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၄၅ ဦးထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ စက်တင်ဘာ ၂၃**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၄၅ ဦးထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၄၈၂၆၂၂၀ ရှိကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ခြောက်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၂၂၃၉ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။ အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၂ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူပေါင်း ၃၆၃၄၂ ဦးရှိလာပြီ ဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၉၁၁ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ရောဂါမှပြန်လည်သက်သာလာသူပေါင်း ၄၇၆၄၂၁၉ ဦးရှိကြောင်း သိရသည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၅၆၅၉ ဦးရှိပြီး ၎င်းတို့အနက် ၅၅ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၃၅ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများတပ်ဆင်ထားရကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ရာခိုင်နှုန်းသည် ကာကွယ်ဆေးတစ်ကြိမ်၊ ပြည်သူ ၈၄ ဒသမ ၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်နှင့် ပြည်သူ ၄၉ ဒသမ ၇ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကာ ၁ ဒသမ ၅ ရာခိုင်နှုန်းသည် ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ**

**ဘာသာပြန်– အောင်ကျော်ကျော်**

# ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် တစ်ရက်အတွင်း ၂၀ ကျော်သေဆုံး

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၃**

ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားမှုကြောင့် လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၀ ကျော်သေဆုံးခဲ့ကြောင်း အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်များက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါသေဆုံးသူများတွင် အမျိုးသမီး နှစ်ဦးနှင့် ကလေးငယ် ၁၅ ဦးတို့ပါဝင်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

ရေကြီးရေလျှံမှုများကြောင့် နိုင်ငံ၏တောင်ဘက်ပိုင်းရှိ ဆင်းပြည်နယ်၌ ၁၇ ဦးသေဆုံးခဲ့ပြီး အနောက်တောင်ပိုင်းရှိ ဘာလိုချီစတန်ပြည်နယ်၌ သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါရေကြီးရေလျှံမှုများကြောင့် လူနေအိမ် ၁၇၃၃ လုံးပျက်စီးဆုံးရှုံးခဲ့ပြီး တိရစ္ဆာန်ကောင်ရေ ၂၃၃၁၂ ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ယခုနှစ်မိုးရာသီကာလ ဇွန်လလယ်ပိုင်းမှစ၍ ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူပေါင်း ၁၅၉၆ ဦးရှိပြီး ထိခိုက်ဒဏ်ရာရရှိသူပေါင်း ၁၂၈၆၃ ဦးရှိပြီဖြစ်သည်။

ထို့ပြင် လူနေအိမ်ပေါင်း ၂၀၁၆၀၀၈ လုံးပျက်စီးဆုံးရှုံးခဲ့ပြီး တိရစ္ဆာန်အကောင်ရေပေါင်း ၁၀၄၀၇၃၅ ကောင် သေဆုံးခဲ့ရသည်။



အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲရေးမှ ကယ်ဆယ်ရေးအဖွဲ့များ၊ အစိုးရအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများက ရေဘေးသင့်နေရာများသို့သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ**

**ဘာသာပြန်– အောင်ကျော်ကျော်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၅၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၅၅ | ၃၀၀၅ |
| 95 Ron | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၀ | ၂၂၉၅ | ၂၂၈၀ | ၂၂၆၀ | ၂၃၅၀ | ၂၃၇၀ | ၂၂၆၅ | ၂၂၈၀ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၀ | ၂၅၃၀ | ၃၀၉၅ |
| HSD (500 ppm) | ၂၆၄၅ | ၂၆၉၅ | ၂၆၉၀ | ၂၆၅၅ | ၂၆၉၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၈၀ | ၂၇၉၅ | ၂၇၈၅ | ၂၆၈၅ | ၂၆၉၅ | ၂၇၃၀ | ၂၇၃၀ | ၂၇၃၀ | ၂၉၅၀ | ၃၇၀၀ |
| HSD (50 ppm) | ၂၇၃၀ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၀ | ၂၇၇၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၅ | ၂၈၈၀ | ၂၈၇၀ | ၂၇၇၀ | ၂၇၈၀ | ၂၈၁၅ | ၂၈၁၅ | ၂၈၁၅ | ၃၀၃၅ | ၃၇၃၅ |
| HSD (10 ppm) | ၂၇၃၀ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၀ | ၂၇၇၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၅ | ၂၈၈၀ | ၂၈၇၀ | ၂၇၇၀ | ၂၇၈၀ | ၂၈၁၅ | ၂၈၁၅ | ၂၈၁၅ | ၃၀၃၅ | ၃၇၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၄၇ | ၂၁၂၁ |
| 95 Ron | ၂၁၂၂ | ၂၁၉၈ |
| HSD (500 ppm) | ၂၅၃၂ | ၂၆၁၃ |
| HSD (50 ppm) | ၂၆၁၂ | ၂၆၉၄ |
| HSD (10 ppm) | ၂၆၁၂ | ၂၆၉၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပြည်ထောင်စုနယ်မြေစာကြည့်တိုက်များဖောင်ဒေးရှင်း စာအုပ်လှူဒါန်းပွဲ ကျင်းပ

ပျဉ်းမနား စက်တင်ဘာ ၂၃

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်များနှင့် ရပ်ကွက်/ကျေးရွာများရှိ ရှင်သန်လည်ပတ်ဆောင်ရွက်နေလျက်ရှိသည့် ကျေးရွာစာကြည့်တိုက်များအတွက် ပြည်ထောင်စုနယ်မြေစာကြည့်တိုက်များဖောင်ဒေးရှင်းက သုတ၊ရသစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(ပျဉ်းမနား)၌ ကျင်းပသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ် ၁၀၀ နှင့် ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ် ၁၀၀ လှူဒါန်းပေးသည့် ဆရာဦးသိန်းဟန်(ရာမည-သွေးမွန်)၊ ပြည်ထောင်စုနယ်မြေစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ် ၁၀၀ လှူဒါန်းပေးသည့် ဆရာဦးတင်မောင်အေး(ယဉ်ကျေးဆု)တို့အား ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း(ကိုထွန်း-ကျယ်ဂေါင်)က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များဖောင်ဒေးရှင်းက လှူဒါန်းသည့် သုတ/ရသစာအုပ်မျိုးစုံ ၃၀၀ ကို ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း(ကိုထွန်း-ကျယ်ဂေါင်)က ပေးအပ်ရာ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်သင်းသင်းဇင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုနယ်မြေအတွင်းရှိ ရှင်သန်လည်ပတ် ဆောင်ရွက်နေလျက်ရှိသည့် ကျေးရွာစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ် ၈၀၀ ကို ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များဖောင်ဒေးရှင်းမှ တာဝန်ရှိသူများကပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာ စာကြည့်တိုက်တာဝန်ခံများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် Free Online Certificate Course ဖွင့်လှစ်မည်

သန်လျင် စက်တင်ဘာ ၂၃

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေများကို သိရှိနားလည်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်အတွက် အောက်ပါ Free Online Certificate Course (2nd Batch)ကို ၆-၁၀-၂၀၂၂ ရက်မှစ၍ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်-

➢ Certificate in Business Law

Link; https://forms.gle/48axjQStY5jSo6Cf7

အဆိုပါသင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာ Link မှတစ်ဆင့် Google Form ဖြင့် ဖြည့်စွက်ပြီး ၃၀-၉-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၄၄ ကီလို သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိဘိန်းဖြူ ၄၄ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်-မန္တလေးသွားကားလမ်း အောင်ချမ်းသာကျေးရွာအနီးတွင် မိုးကုတ်မှ ပြင်ဦးလွင်ဘက်သို့ ထွန်းနိုင်ဦး(ခ)ထွန်းနိုင်မောင်းနှင်ပြီး လှမြင့်လိုက်ပါလာသည့် Canter ခြောက်ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၄၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မွန်းလွဲ ၂ နာရီတွင် ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာကျေးရွာတွင် ဘိန်းဖြူများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ မခင်အေးဝိုင်း(ခ)ခင်ဝိုင်းအား ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ထွန်းနိုင်ဦး(ခ)ထွန်းနိုင်၊ လှမြင့်နှင့် ခင်အေးဝိုင်း(ခ)ခင်ဝိုင်းတို့ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရခိုင်ပြည်နယ် မြောက်ဦးမြို့ လက်ကောက်ဈေးရပ်ကွက်နေ မြတ်သူထွန်း(ခ) ဖိုးသီဟသည် ၎င်းအသုံးပြုသည့် “Myat Thu Htun” Facebook အကောင့်သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## စဉ့်ကူးမြို့နယ်တွင် ကျေးရွာ လေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ဆပ်/ထုတ်စနစ်ဖြင့် ထုတ်ပေး

စဉ့်ကူး စက်တင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံကိန်းဝင် ကျေးရွာ လေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆပ်/ထုတ်စနစ် ထုတ်ချေးပေးခြင်း အခမ်းအနားကို ယမန်နေ့တွင် စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့က မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ရေရှင်ကျေးရွာ၊ ကျီတော်ကုန်းကျေးရွာ၊ ခတက်ချဉ်ကျေးရွာ၊ ပျဉ်းပင်ကျေးရွာ စုစုပေါင်း ကျေးရွာလေးရွာတို့မှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉၇ ဦးတို့အား ငွေကျပ် ၁၂၁ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉၆ ဦးတို့အား ငွေကျပ် ၅၀ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ၁၇ ဦးတို့အား ငွေကျပ် ၆ ဒသမ ၄ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးတို့အား ငွေကျပ် ၃ ဒသမ ၈၅သန်း၊ အသက်မွေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးအား ငွေကျပ် သုည ဒသမ ၄ သန်း စုစုပေါင်း ကျေးရွာလေးရွာမှ မြစိမ်းရောင် စီမံကိန်း အသင်းသူအသင်းသားပေါင်း ၅၂၂ ဦးအတွက် စီမံကိန်းရန်ပုံငွေကျပ် ၁၈၂ ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်အောင်စိုးနှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

တင်ဇာလွင် (ပြန်/ဆက်)

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်း၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၃

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏ မိဘ အုပ်ထိန်းသူများထံသို့ လွှဲပြောင်း ပေးအပ်လျက်ရှိသည်။



မူဆယ်မြို့၌ ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့ဝင်တစ်ဦးအား မိဘများထံလွှဲပြောင်းပေးစဉ်။

ယနေ့ နံနက်ပိုင်းတွင်လည်း ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမနှင့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမတို့၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားများကို ကျင်းပကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော နောင်ချိုမြို့မှ PDF အဖွဲ့ဝင် အမျိုးသားတစ်ဦးနှင့် သာစည်မြို့နယ်အတွင်းရှိ PDF အဖွဲ့ဝင် အမျိုးသားတစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ငွေများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး တို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆို လက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ကျိုက်လတ်မြို့နယ်၌ ငါးမြစ်ချင်း ပိဿာ ၁၀၀ ကို ဈေးနှုန်းချိုသာစွာ ရောင်းချပေး

ကျိုက်လတ် စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ဒေသတွင်းရှိ ငါးမွေးကန်လုပ်ငန်းရှင်များ ပူးပေါင်း၍ ပြည်သူများ ငါးရိက္ခာဖူလုံစေရေးနှင့် စားဝတ်နေရေး အဆင်ပြေစေရန် ရည်ရွယ်လျက် ချိုသာသောဈေးနှုန်းဖြင့် ငါးရောင်းချပေးခြင်းကို ယနေ့နံနက် ၇ နာရီက ကျိုက်လတ်မြို့ မြို့မဈေးအနီး ပန်းခြံရှေ့တွင် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးရာတွင် ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်ပြီး အိမ်ထောင်စုတစ်စုလျှင် တစ်ပိဿာနှုန်းဖြင့် စုစုပေါင်း ငါးပိဿာချိန် ၁၀၀ အား အိမ်ထောင်စု ၁၀၀ အတွက် ရောင်းချပေးမှုအပေါ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးအောင်ဆန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

၂၀၇



## ပန်းတောင်းမြို့နယ်၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေး ကွင်းဆင်းဆောင်ရွက်

ပန်းတောင်း စက်တင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခြင်းကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ဆောင်ရွက်သည်။

အဆိုပါစစ်ဆေးဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရ၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်ညီနှင့်အဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောပူးပေါင်းအဖွဲ့က ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင် ရှိ၊ မရှိစစ်ဆေးခြင်း၊ ဆိုင်ကယ်စီးနင်းသူများ သတ်မှတ်အင်္ဂါရပ်နှင့် ပြည့်စုံမှုရှိစေရန် ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်များတစ်ပါတည်း ယူဆောင်လာခြင်း ရှိ၊ မရှိစစ်ဆေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

အောင်မြင့်(ပန်းတောင်း)

ကြေးမုံ



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ်(၂၀)မြောက် သတင်းစာရှင်းလင်းပွဲ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား ဥပဒေနှင့်အညီ စစ်ဆေးခြင်း ဆောင်ရွက်ချက်များ။

**(ယမန်နေ့မှအဆက်)**

ဗဟိုဘဏ်၏ စက်တင်ဘာ ၁၆ ရက်က ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ကြေညာချက်ကို တင်ပြလိုကြောင်းပြောကြား၍ ဗဟိုဘဏ်၏ ထုတ်ပြန်ကြေညာချက်ကို ပြသသည်။ ဗဟိုဘဏ်၏ ထုတ်ပြန်ကြေညာချက်အပေါ် တစ်ဖက်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအနေဖြင့် အမျိုးမျိုးသော အပျက်သဘောဆောင် ပြောကြားချက်များရှိကြောင်း၊ သတင်းအမှားများနှင့် Agent များပိတ်သွားပြီ စသည်ဖြင့် ရေးသား ပြောဆိုနေသည်များကိုလည်း တွေ့မြင်ရကြောင်း၊ ဗဟိုဘဏ်၏ကြေညာချက် အဘယ်ကြောင့် ထုတ်ပြန်ရသလဲဆိုလျှင် ပြည်သူလူထုနှင့် Agent များ အသုံးချခံဖြစ်မည်စိုးသဖြင့် ထုတ်ပြန်ရခြင်းဖြစ်ကြောင်း၊ ဥပမာတစ်ခုအနေဖြင့် ပြောလိုကြောင်း၊ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းလုပ်နေသည့် Agent တစ်ယောက်သည် ဝန်ဆောင်ခရလျှင် ငွေလွှဲပေးမည်သာဖြစ်ကြောင်း၊ ယခင်က စည်းကမ်းအရ တင်းကျပ်မထားသည့်အတွက် လာလွှဲသည့်သူကလည်း ၎င်း၏အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ် အမှတ်တို့ကို မပြောဘဲ အလွယ်တကူလွှဲလိုက်နိုင်သကဲ့သို့ ထုတ်ယူသည့်ဘက်ကလည်း Password ပြောရုံနှင့် ထုတ်ယူ၍ရသည့်အနေအထားဖြစ်ကြောင်း၊ လာလွှဲသည့်သူက အကြမ်းဖက်သမားများကို ထောက်ပံ့ရန်လွှဲပြီး အကြမ်းဖက်သမားက ထုတ်ပြီး အကြမ်းဖက်လုပ်ငန်းများ၌ သုံးသည့်ဖြစ်စဉ်များဖြစ်လာကြောင်း၊ Agent နှင့် အသုံးချခံရသူမှာ အကြမ်းဖက်ထောက်ပံ့ခြင်းလား၊ အကြမ်းဖက်သမားက လာရောက်ထုတ်ယူသည်လား ဆိုသည်ကို မသိသလို ၎င်းတို့ထံမှ မည်သည့် အချက်အလက်မျှလည်း မရလိုက်ကြောင်း၊ ငွေလွှဲခဆိုသည့် ငွေအနည်းငယ်သာ ရလိုက်ကြောင်း။

**အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃(ခ)အရ ငြိစွန်း**

မိမိတို့ လုံခြုံရေးအဖွဲ့များက အကြမ်းဖက်သမားများကို ဖမ်းဆီးရမိပြီး ၎င်းတို့ကို မည်သူထောက်ပံ့သည်ဟု စစ်ဆေးချိန်၌ "ဒီဖုန်းနံပါတ်ကနေ လွှဲပါတယ်၊ ငွေရပါတယ်"ဆိုပြီး Agent ၏ လုပ်ငန်းသုံးဖုန်းနံပါတ်ကို ပေးကြောင်း၊ အသုံးချခံရသည့် Agent များကို ထပ်မံစစ်ဆေးသည့်အချိန်၌ လုပ်ငန်းအရ လွှဲပေးလိုက်သည်ဟူ၍သာ အစစ်ဆေးခံရခြင်းဖြစ်ကြောင်း၊ ထိုသို့ဖြစ်လာချိန်၌ ဥပဒေကြောင်းအရ လွှဲပေးသည့် Agent ၏ ဖုန်းနံပါတ်၊ လုပ်ငန်းလိုင်စင်၊ လွှဲခဲ့သည့် ပမာဏ၊ လွှဲခဲ့သည့်အချိန် စသည့် အထောက်အထားများအရ Agent ၌ တာဝန်ရှိလာကြောင်း၊ ယင်းနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ဥပဒေအရ အကာအကွယ်ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ လျှုသည်ဆိုသည့်ပုံစံမျိုးနှင့် ငွေလွှဲပေးသည့်သူများ၊ အသုံးချခံလိုက်ရသည့် ကိုယ်စားလှယ်များ၊ Agent များနှင့်ပတ်သက်၍ ငွေလွှဲသည့်သူရော ဇယားအမှတ်စဉ်(၁)၌ ပြထားသကဲ့သို့ Online မှ ငွေကြေးထောက်ပံ့ခြင်းဖြစ်သည့်အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃(ခ)အရ ငြိစွန်းကြောင်း၊ တစ်ရာလှူသည်ဖြစ်စေ၊ သိန်းနှင့်ချီပြီး လှူသည်ဖြစ်စေ၊ နောက်ဆုံးလိုက်ပြီး ကူရုံပါဟုဆိုသည်ဖြစ်စေ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ အရ ထောင်ဒဏ် ၃ နှစ်မှ ၇ နှစ်အထိ ချမှတ်နိုင်ကြောင်း။

မိမိကပို့လိုက်သည့်ပိုက်ဆံကို လက်ခံသည့်သူက လူသတ်ခြင်း၊ အကြမ်းဖက်မှုကျူးလွန်ခြင်း၊ အပြင်းအထန်နာကျင်စေမှုဖြစ်ခဲ့ပါက အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၄ အရ ထောင်ဒဏ်အနည်းဆုံး ၁၀ နှစ်မှ သေဒဏ်အထိချမှတ်နိုင်ကြောင်း၊ တစ်ကျပ်တစ်ပြားလေး လှူသည်ကို ထောင် ၁၀ နှစ်ကျသည်တို့၊ သေဒဏ်ကျသည်တို့ဖြစ်လာလျှင် ပုဒ်မ ၅၄ နှင့် ငြိစွန်း၍သာဖြစ်သည်ဟု သဘောပေါက်ရန်လိုကြောင်း၊ **"ဥပဒေကို မသိနားမလည်ဟုဆိုကာမျှဖြင့် ဥပဒေက သင့်အား ခွင့်လွှတ်လိမ့်မည်မဟုတ်"** ပါကြောင်း၊ ယင်းသို့သောဖြစ်စဉ်အချို့ကို စိစစ်တွေ့ရှိရသည့်အတွက် အပြစ်မရှိသည့်ပြည်သူများ အသုံးချခံမဖြစ်စေရန် မနစ်နာရအောင် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထို့ပြင် မိမိအနေဖြင့် သတင်းစာရှင်းလင်းပွဲတွင် အကျယ်တဝင့်ပြောရခြင်းဖြစ်ပြီး တင်ပြပါဇယားကိုလည်း မီဒီယာများကို ဖြန့်ဝေလိုက်မည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် မီဒီယာများအနေဖြင့်လည်း ပြည်သူလူထုကို အကြမ်းဖက်သမားများ၏ အသုံးချခံမဖြစ်အောင် ကျယ်ကျယ်ပြန့်ပြန့် အသိပေးကြေညာပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

**တိုက်ပွဲများ ဖန်တီးခဲ့**

ဆက်လက်ပြီး ယခုလဆန်းပိုင်းတွင်း၌ AA နှင့် ARSA အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်အဖွဲ့ ပူးပေါင်းပြီး မြန်မာ–ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းပေါ်၌ တိုက်ပွဲများ ဖန်တီးခဲ့ကြောင်း၊ ဩဂုတ် ၃၁ ရက်က နယ်ခြားမှတ်တိုင်အမှတ် BP 40 စခန်းကို သာလွန်အင်အားနှင့် အလစ်ဝင်ရောက် တိုက်ခိုက်ခဲ့ကြောင်း၊ ထို့ပြင် စက်တင်ဘာ ၁၆ ရက် ည ၇ နာရီခွဲ၌ BP 31 အနီး လုံခြုံရေးဆောင်ရွက်နေသည့် တောင်ပြိုဝဲရဲကင်းစခန်းအား ပါဝါပွိုင့်ပါနေရာမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ရဲကင်းစခန်းနှင့် နယ်စပ်ခြံစည်းရိုးကို ကျော်လွန်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းသို့ လက်နက်ကြီးကျည် သုံးလုံးကျရောက်ခဲ့ကြောင်း၊ ယင်းနေ့ ည ၈ နာရီ ၁၀ မိနစ်နှင့် စက်တင်ဘာ ၁၇ ရက် နံနက်စောစောပိုင်း၌ BP 34 အနီး တောင်ပြိုယာရဲကင်းစခန်းကို ယခင်ပစ်ခတ်သည့်နေရာမှ လက်နက်ကြီးနှင့် ထပ်မံပစ်ခဲ့ကာ ရဲကင်းစခန်းနှင့် နယ်စပ်ခြံစည်းရိုးကိုကျော်လွန်ပြီး ပါဝါပွိုင့်၌ ဖော်ပြထားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းနေရာ လေးနေရာသို့ လက်နက်ကြီးကျည်ကိုးလုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ ထိုသို့ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခြင်းမှာ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးပျက်ပြားစေရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်၌ရှိသည့် ပြည်သူတချို့ ထိခိုက်ဒဏ်ရာရကြောင်းသိရှိရကြောင်း၊ AA၊ ARSA အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် နှစ်နိုင်ငံကြား ပြဿနာဖြစ်ပွားအောင် မီးမွှေးပေးနေသည်ကို မိမိတို့ အနေဖြင့် တွေ့ရှိရကြောင်း။

**ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်သို့ အကြောင်းကြားစာများ ပေးပို့**

မိမိတို့နိုင်ငံရှိ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲတို့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့စ်ဘဇားရှိ အမှတ် ၃၄ ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်သို့ အကြောင်းကြားစာများ ပေးပို့ထားရှိပြီးဖြစ်ကြောင်း၊ စက်တင်ဘာ ၁၉ ရက်ကလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးကို ခေါ်ယူတွေ့ဆုံပြီး ဖြစ်စဉ်အခြေအနေအမှန်ကို ရှင်းလင်းဖော်ပြထားသည့် စာလွှာကို ပေးအပ်ခဲ့ကြောင်း ဖြည့်စွက်ပြောကြားလိုကြောင်း၊ ထပ်မံဖြည့်စွက်ပြောကြားလိုသည်မှာ ဘူးသီးတောင်၊ မောင်တောဘက်ခြမ်းသည် ကုလသမဂ္ဂအထွေထွေညီလာခံလုပ်သည့်အချိန်တွင် နှစ်စဉ်နှစ်တိုင်း အမြဲတမ်းပြဿနာဖြစ်နိုင်သည်ကို တွေ့ရှိရကြောင်း၊ ယခုနှစ်တွင် AA၊ ARSA ပူးပေါင်းပြီး နှစ်နိုင်ငံကြား ပြဿနာဖြစ်အောင် ဖန်တီးလာခြင်းဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်နှင့် မီဒီယာများအနေဖြင့်လည်း မိမိတို့၏ ပြည်သူလူထုကို အသိပေး၊ သတိပေးသင့်သည်များကို အသိပေး၊ သတိပေးရန် မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

**နိုင်ငံရေးပါတီများကို စစ်ဆေးဆောင်ရွက်မှုအခြေအနေ**

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းတင်ပြရာ (က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများကို စစ်ဆေးဆောင်ရွက်မှုအခြေအနေ၊ (ခ) မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း၊ ရွှေ့ပြောင်းလုပ်ငန်းစီမံချက်အရ ပြုစုပြီးသည့် လူဦးရေစာရင်းအပေါ် စိစစ်ဆောင်ရွက်မှု အခြေအနေအပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား စစ်ဆေးဆောင်ရွက်မှုအခြေအနေများကို ဦးစွာတင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ထားသည့် တည်ဆဲနိုင်ငံရေးပါတီ **၉၂ ပါတီ**ရှိပြီး နိုင်ငံရေးအယူဝါဒအရ ဖြစ်ပေါ်လာသော နိုင်ငံရေးပါတီ **၄၃ ပါတီ**၊ တိုင်းရင်းသားမျိုးနွယ်အလိုက် ဖြစ်ပေါ်လာသော နိုင်ငံရေးပါတီ **၁၉ ပါတီ**နှင့် ဒေသအလိုက် ဖြစ်ပေါ်လာသော နိုင်ငံရေးပါတီ **၃၀** တို့ ပါရှိကြကြောင်း၊ ယင်းတို့အနက် ပြည်ထောင်စုတစ်ဝန်းလုံး၌ စည်းရုံးမည့်ပါတီ **၇၄ ပါတီ**နှင့် တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုအတွင်း၌ စည်းရုံးမည့်ပါတီ **၁၈ ပါတီ**ရှိပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများ၏စာရင်းများကို စစ်ဆေးရာတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၈ နှင့် နည်းဥပဒေ ၂၃ တို့နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်ပြီး သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ စစ်ဆေးခြင်းလုပ်ငန်းစဉ်ကို ၂၀၂၂ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ တည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီအနက် ယနေ့အထိ စစ်ဆေးပြီး ၈၅ ပါတီနှင့် စစ်ဆေးရန်ကျန်သည့် ခုနစ်ပါတီဖြစ်ကြောင်း၊ စစ်ဆေးရာတွင် အများစုတွေ့ရှိသည့် စာရင်းဇယားများ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ပြုစုထားရှိမှုအားနည်းခြင်း၊ ငွေစာရင်းများ စနစ်တကျရေးဆွဲပြုစုခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေး၊ အတည်ပြုထားရှိရန် လိုအပ်ခြင်း၊ ဘဏ်စာရင်းဖွင့်လှစ်ခြင်း၊ ပါတီတွင်းစာရင်းစစ်ကော်မတီထားရှိခြင်း၊ တတ်ကျွမ်းသည့် ရုံးအဖွဲ့ထားရှိခြင်းနှင့် ငွေစာရင်းအပါအဝင် မှတ်တမ်းစာအုပ်များ စနစ်တကျထားရှိခြင်းများပြုလုပ်ရန် အားနည်းပျက်ကွက်ခြင်းတို့ဖြစ်ပြီး အမြန်ပြုပြင်လိုက်နာဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပြန်လည်တင်ပြရန် အကြောင်းကြားပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို

**စာမျက်နှာ ၁၇ သို့** ☆

☆ **စာမျက်နှာ ၁၆ မှ**

စစ်ဆေးခဲ့မှုများအပေါ် မူတည်ပြီး ခြုံငုံသုံးသပ်တွေ့ရှိခြင်းသည် ပါတီအင်အား တစ်သိန်းအထက် စည်းရုံးနိုင်သည့်ပါတီ လေးပါတီ၊ တစ်သောင်းအထက် စည်းရုံးနိုင်သည့် ပါတီ **လေးပါတီ**၊ ငါးထောင်မှ တစ်သောင်းအတွင်း စည်းရုံးနိုင်သည့် ပါတီ **ခြောက်ပါတီ**၊ တစ်ထောင်မှ ငါးထောင်အတွင်း စည်းရုံးနိုင်သည့်ပါတီ **၇၀** နှင့် **ငါးရာမှ တစ်ထောင်**ကြား စည်းရုံးနိုင်သည့် ပါတီ **ရှစ်ပါတီ**ရှိသည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။

အလားတူ ပါတီစည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ပါတီရုံးခန်း ၁၀၀ နှင့်အထက် ဖွင့်လှစ်နိုင်သည့်ပါတီ **လေးပါတီ**၊ ရုံးခန်း ၅၀ နှင့် ၁၀၀ အကြား ဖွင့်လှစ်နိုင်သည့်ပါတီ **သုံးပါတီ**၊ ရုံးခန်း ၂၀ နှင့် ၅၀ ကြား ဖွင့်လှစ်နိုင်သည့် ပါတီ **၁၂ ပါတီ**၊ ရုံးခန်း ၁၀ မှ ၂၀ ကြား ဖွင့်လှစ်နိုင်သည့်ပါတီ **၁၄ ပါတီ**၊ ရုံးခန်းနှစ်ခန်းမှ ၁၀ ခန်းအကြား ဖွင့်လှစ်နိုင်သည့်ပါတီ **၄၄ ပါတီ** နှင့် ရုံးခန်းတစ်ခန်းသာ ဖွင့်လှစ်နိုင်သည့် ပါတီ **၁၅ ပါတီ** စိစစ်တွေ့ရှိရကြောင်း၊ အထက်ပါစာရင်းများကို တင်ပြရာတွင် စစ်ဆေးရန် ကျန်ပါတီများ၏ စာရင်းများနှင့်စပ်လျဉ်းပြီး မိမိတို့ထံတွင် ယခင်ရရှိထားသည့် စာရင်းများအပေါ်မူတည်ပြီး ထည့်သွင်း တွက်ချက်ထားခြင်းဖြစ်ပါကြောင်း Power Point ဖြင့် ပြောကြားသည်။

ထို့အတူ ပါတီပိုင်ရန်ပုံငွေအနေဖြင့် သိန်းထောင်ဂဏန်းအထက်ရှိသည့် ပါတီ **၂၁ ပါတီ**၊ သိန်းရာဂဏန်းနှင့်အထက်ရှိသည့်ပါတီ **၃၀**၊ သိန်းရာဂဏန်းအောက် ပါတီ **၂၀**၊ ရန်ပုံငွေလက်ကျန်မရှိသည့် ပါတီ **၁၄ ပါတီ**ရှိပြီး ပိုင်ဆိုင်မှုစစ်ဆေး အတည်ပြုရန်ကျန်သည့်ပါတီ **ခုနစ်ပါတီ** ဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်မှုကို လေ့လာခြင်းအားဖြင့် ကိုယ်စားလှယ်ဦးရေ ၅၀၀ ကျော် ယှဉ်ပြိုင်နိုင်သည့်ပါတီ **သုံးပါတီ**၊ ၁၀၀ ကျော်ယှဉ်ပြိုင်နိုင်သော ပါတီ **ခုနစ်ပါတီ**၊ ၅၀ နှင့် ၁၀၀ ကြား ယှဉ်ပြိုင်နိုင်သည့် ပါတီ **လေးပါတီ**၊ ၁၀ ဦးနှင့် ၅၀ ကြား ယှဉ်ပြိုင်နိုင်သည့်ပါတီ **၂၈ ပါတီ**နှင့် ၁၀ ဦးအောက် ယှဉ်ပြိုင်နိုင်သည့်ပါတီ **၄၅ ပါတီ** စိစစ်တွေ့ရှိရပါကြောင်းပြောကြားသည်။

ထို့ကြောင့် ပါတီအသီးသီးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ယခင်ရွေးကောက်ပွဲတွင် သုံးစွဲခွင့်ပြုထားသည့် ရွေးကောက်ပွဲအသုံးစရိတ် ငွေကျပ် သိန်း ၁၀၀ အပေါ် သုံးစွဲခဲ့မှုအခြေအနေကို စိစစ်တွေ့ရှိရခြင်းသည် ၇၅ သိန်းမှ သိန်း ၁၀၀ အထိ သုံးစွဲသူ **၁၄ ရာခိုင်နှုန်း**၊ သိန်း ၅၀ မှ ၇၅ သိန်းကြား သုံးစွဲသူ **၃၀ ရာခိုင်နှုန်း**၊ ၁၀ သိန်းမှ သိန်း ၅၀ ကြား သုံးစွဲသူ **၄၉ ရာခိုင်နှုန်း**နှင့် ငွေကျပ် ၁၀ သိန်းအောက် သုံးစွဲသူ **ခုနစ်ရာခိုင်နှုန်း** တွေ့ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထိုနေရာတွင် အလေးထားတင်ပြလိုခြင်းမှာ မြန်မာနိုင်ငံသည် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပါကြောင်း၊ ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်သည် ရွေးကောက်ပွဲများဖြစ်ပြီး ရွေးကောက်ပွဲတွင် အဓိကပါဝင်ယှဉ်ပြိုင်ကြခြင်းသည် နိုင်ငံရေးပါတီများဖြစ်ကြောင်း၊ ထို့အတူ ရွေးကောက်ပွဲများကျင်းပခြင်းနှင့် နိုင်ငံရေးပါတီများကို ကြီးကြပ်ခြင်းတို့သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဓိကလုပ်ငန်းတာဝန်များ ဖြစ်ခြင်းကြောင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများကျင်းပနိုင်ရေးနှင့် ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများဖြစ်ပေါ်လာရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**မဲဆန္ဒရှင်စာရင်းများ မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေး**

ယခုဆက်လက်ပြီး မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင် လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း၊ ရွေ့ပြောင်းလုပ်ငန်းစီမံချက်အရ ပြုစုပြီးသည့် လူဦးရေစာရင်းအပေါ် Initial Voter List Scrutinizer Software (IVLS) ဖြင့် စိစစ်ဆောင်ရွက်မှုအခြေအနေများကို တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျင်းပမည့် ရွေးကောက်ပွဲတွင်အသုံးပြုမည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ပြုစုထားသည့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆)များကို ရယူအခြေခံပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က စိစစ်ထားသည့် မဲစာရင်းများကို ပြင်ဆင်ပြုစုခြင်းလုပ်ငန်းကို ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့နောက် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)များကို အခြေခံ၍ ပြုစုထားသည့်စာရင်းများကို ပြည်ထဲရေးဝန်ကြီးဌာန မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြုစုထားသည့် မြေပြင်လူဦးရေစာရင်းများနှင့် တိုက်ဆိုင်စစ်ဆေးသည့် ရွှေ့ပြောင်းလုပ်ငန်းစီမံချက်ကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ်၌ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါမြို့နယ်အပါအဝင် နေပြည်တော်ကောင်စီနယ်မြေမြို့နယ် ရှစ်မြို့နယ်မှ စိစစ်တွေ့ရှိချက်များအပေါ် သုံးသပ်အခြေခံပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွှေ့ပြောင်းလုပ်ငန်းစီမံချက်ကို ဆက်လက်ဆောင်ရွက်ခဲ့ခြင်းကို ရှင်းလင်းပြောကြားသည်။

**မဲဆန္ဒရှင်စိစစ်ခြင်းစနစ် (IVLS) ဖြင့် စိစစ်ခြင်းဆောင်ရွက်**

ဆက်လက်ပြီး တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်များအလိုက် ရွှေ့ပြောင်းလုပ်ငန်းစီမံချက်အရ ပြုစုပြီးသည့် လူဦးရေစာရင်းများအနက် အခြေခံမဲစာရင်းတွင် ဥပဒေအရ မထည့်သွင်းရမည့် လူဦးရေစာရင်းများဖြစ်သည့် လဝကပုံစံ ( ၆၆/၆ ) ရှိသော်လည်း မြေပြင်နေထိုင်မှုမရှိသူများ၊ သေဆုံးသူများ၊ အခြားမြို့နယ်၏ လဝကပုံစံ(၆၆/၆)ဖြင့် နေထိုင်သူများ၊ လဝကပုံစံ(၆၆/၆)မရှိဘဲ မြေပြင်တွင် နေထိုင်သူများကို နုတ်ပယ်ပြီး ကျန်ရှိသည့် လူဦးရေစာရင်းများကို အခြေခံမဲစာရင်းပြုစုနိုင်ရန် ကနဦး မဲဆန္ဒရှင်စိစစ်ခြင်းစနစ် (IVLS) ဖြင့် စိစစ်ခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ချင်းပြည်နယ်မှအပ ကျန်တိုင်းဒေသကြီး/ပြည်နယ်အားလုံးကို ၂၀၂၂ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် စိစစ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုအထဲမှ နယ်မြေလုံခြုံရေးအခြေအနေအရ မစိစစ်နိုင်သေးသည့် မြို့နယ်အချို့ကျန်ရှိပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကျင်းပပြုလုပ်ရမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရာတွင် အခြေခံရမည့် လူဦးရေစာရင်းများ ပြည့်စုံမှန်ကန်ရန်အတွက် ယခုစိစစ်ရာတွင် တွေ့ရှိရသည့် သေဆုံးသူများနှင့် လဝကပုံစံ (၆၆/၆) ရှိပြီး မြေပြင်တွင် နေထိုင်မှုမရှိသူများကို စိစစ်ပယ်ဖျက်နိုင်ရေးနှင့် လဝကပုံစံ (၆၆/၆) မရှိဘဲ နေထိုင်သူများနှင့် အခြားမြို့နယ်၏ လဝကပုံစံ(၆၆/၆) ဖြင့် နေထိုင်သူများကို လက်ရှိနေထိုင်ရာဒေသ မဲစာရင်းတွင် ပါဝင်လာနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က IVLS နှင့် စိစစ်ထားသည့် စာရင်းဇယားများကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့ထားပြီးဖြစ်ကြောင်း၊ မဲဆန္ဒရှင် ပြည်သူများအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းပန်ကြားအပ်ပါကြောင်း ပြောကြားသည်။

**ရွေးကောက်ပွဲအကြိုကာလလုပ်ငန်းစဉ်များ**

ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအကြိုကာလလုပ်ငန်းစဉ်များဖြစ်သည့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးနှင့် နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းနှင့် Update ပြုလုပ်နိုင်ရေး ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများ ဖြည့်တင်းခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း၊ ပြည်သူလူထုနှင့် မဲဆန္ဒရှင်အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မဲရုံများစုဖွဲ့ခြင်းနှင့် မဲရုံသုံးပစ္စည်းစာရင်းများ ပြုစုပြင်ဆင်ခြင်း၊ အခြေခံအဆောက်အအုံများဖြစ်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ တည်ဆောက်ခြင်းနှင့် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်စစ်ဆေးခြင်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနေရာတွင် အလေးထားတင်ပြလိုခြင်းသည် ပြည်သူလူထုနှင့်မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် အသုံးပြုမည့် အချိုးကျကိုယ်စားပြုစနစ်(PR)နှင့် ဥပဒေမူဘောင်အပါအဝင် သိသင့်သိထိုက်သည့် အကြောင်းအရာများကို မဲဆန္ဒရှင်ပြည်သူများ သိရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံပိုင်သတင်းစာများမှ နိုင်ငံတကာရွေးကောက်ပွဲစနစ်များ အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ ဆောင်းပါး **၄၆ ပုဒ်**ကို ရေးသားဖော်ပြခဲ့ပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး စာအုပ် **လေးအုပ်** ပုံနှိပ်ထုတ်ဝေခဲ့ပြီး PR စနစ်နှင့်ပတ်သက်ပြီး မဲဆန္ဒရှင်အသိပညာပေး ရုပ်/သံအစီအစဉ် **နှစ်ခု**ကို ရိုက်ကူးခဲ့ကာ နိုင်ငံပိုင်ရုပ်မြင်သံကြား အစီအစဉ်များတွင် ထုတ်လွှင့်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ သီချင်း **သုံးပုဒ်**ကိုလည်း ရိုက်ကူးထားပြီဖြစ်ကြောင်း၊ ထို့အတူ မဲဆန္ဒရှင်များ မဲရုံတွင် စနစ်တကျမဲပေးနိုင်ရေး မဲရုံသရုပ်ပြအစီအစဉ်ကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ် ရိုက်ကူးလျက်ရှိကြောင်း၊ ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအနေဖြင့် မိမိကွပ်ကဲမှုနယ်မြေဖြစ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်မှ ဝန်ထမ်းများကို အချိုးကျကိုယ်စားပြုစနစ်နှင့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်းပြီး ကိုယ်တိုင်သွားရောက်၍လည်းကောင်း၊ Online မှ တစ်ဆင့်လည်းကောင်း ဆွေးနွေးပို့ချခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက် လုပ်ငန်းစဉ်(၁) ပါ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းစဉ် (၅)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**“ကျင်းပပြုလုပ်ရမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရာတွင် အခြေခံရမည့်လူဦးရေစာရင်းများ ပြည့်စုံမှန်ကန်ရန်အတွက် ယခုစိစစ်ရာတွင် တွေ့ရှိရသည့် သေဆုံးသူများနှင့် လဝကပုံစံ (၆၆/၆) ရှိပြီး မြေပြင်တွင် နေထိုင်မှုမရှိသူများကို စိစစ်ပယ်ဖျက်နိုင်ရေးနှင့် လဝကပုံစံ (၆၆/၆) မရှိဘဲ နေထိုင်သူများနှင့် အခြားမြို့နယ်၏ လဝကပုံစံ(၆၆/၆) ဖြင့် နေထိုင်သူများကို လက်ရှိနေထိုင်ရာဒေသမဲစာရင်းတွင် ပါဝင်လာနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က IVLS နှင့် စိစစ်ထားသည့် စာရင်းဇယားများကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့ထားပြီးဖြစ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ အနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်း”**

(ဆက်လက်ဖော်ပြပါမည်)

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် မှူခင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် အမျိုးသား အမျိုးသမီး ၂၀ တို့က နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀) သွေးလှူဘဏ်၌ (၈)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းစဉ်။

သတင်းစဉ်



## ညောင်တုန်းမြို့နယ်၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**ညောင်တုန်း စက်တင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိစေရေးအတွက် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့ နံနက် ၉ နာရီက သဇင်ရေကျော်ကျေးရွာအုပ်စု အမှတ်(၂) မြောင်းသဘာဝရေပြင်၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးကျော်စိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးလက်နေပြည်သူများ တက်ရောက်ကြပြီး ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၄၀၀၀၀၀ ကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

**အရင်အပတ်က Unit 4 Lesson: 2 A happy family (ပျော်ရွှင်စရာ မိသားစု) အကြောင်း ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 4 Lesson: 3 Talking about habits and routines အကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။**

### Lesson 3: Talking about habits and routines (နေ့စဉ်လုပ်ဆောင်မှု အလေ့အထများ အကြောင်းပြောခြင်း)

- Verbs expressing likes and dislikes
- Adverbs of frequency

**Vocabulary (ဝေါဟာရ)**

**အောက်ပါတို့ကို မြန်မာလိုရေးပါ။**

1. wieghtlifting _____
2. swimming _____
3. cycling _____
4. rowing _____
5. yachting _____
6. running a marathon _____
7. diving _____
8. playing golf _____
9. travelling _____
10. listening to music _____

ယခုသင်ခန်းစာတွင် အဆိုတစ်ခုအပေါ် သဘောတူညီကြောင်း သို့မဟုတ် သဘောတူညီခြင်းမရှိကြောင်း ပြန်လည်ပြောကြားရာတွင် အသုံးပြုရသည့် So do I/ Neither do I … စသည်ဖြင့် ဖော်ပြပါရှိသည်။ ယင်းအသုံးများကို ကျောင်းသားကျောင်းသူများ သေချာစွာသိရှိစေရန် အောက်တွင်ဖော်ပြထားပါသည်။

**So do I နှင့် neither do I အသုံးပြုပုံ**

**"so do I"**

အကြောင်းအရာကိုစွတစ်ခုနှင့်ပတ်သက်ပြီး ဖော်ပြထားသည့် **အဟုတ်ဝါကျ**တစ်ခုကို မိမိအနေဖြင့်လည်း သဘောတူညီကြောင်း၊ ထောက်ခံကြောင်း၊ အတူတူပင်ဖြစ်ကြောင်း ပြောဆိုရာတွင် "so do I"ကို သုံးသည်။

e.g. Maung Maung: I hate exams. (စာမေးပွဲတွေကို မုန်းတယ်။)

Me: So do I. (= I also hate exams.) (ငါလည်း မုန်းတယ်။)

**"neither do I"**

အကြောင်းအရာကိုစွတစ်ခုနှင့်ပတ်သက်ပြီး ဖော်ပြထားသည့် **ငြင်းဆိုဝါကျ**တစ်ခုကို မိမိအနေဖြင့်လည်း သဘောတူညီကြောင်း၊ ထောက်ခံကြောင်း၊ အတူတူပင်ဖြစ်ကြောင်း ပြောဆိုရာတွင် "neither do I" ကို သုံးသည်။

e.g. Mee Lay: I don't live in Yangon. (ငါ ရန်ကုန်မှာနေတာ မဟုတ်ဘူး။)

Me: Neither do I. (= I also don't live in Yangon.) (ငါလည်းမဟုတ်ဘူး။)




အောက်ပါပုံစံများကို ဆက်လက်လေ့လာပါ။

**Present Simple (V1) ဆိုရင်တော့ do/ does ကို သုံးရသည်။**

e.g. Nilar likes coffee. So do I.

Nilar doesn't like coffee. Neither do I.

**Present Simple (Be) ဆိုရင် am, is, are ကို သုံးရသည်။**

e.g. Father is at the office. So am I.

Father isn't at the office. Neither am I.

**Present Continuous ဆိုရင် am, is, are ကို သုံးရသည်။**

e.g. Ko Ko is going out tonight. So am I.

Ko Ko isn't going out tonight. Neither am I.

**Past Simple ဆိုရင် did ကို သုံးရသည်။**

e.g. Si Si went to the cinema yesterday. So did I.

Si Si didn't go to the cinema yesterday. Neither did I.

**Past Simple (Be) ဆိုရင် was, were ကို သုံးရသည်။**

e.g. She was at the library. So was I.

She wasn't at the library. Neither was I.

**Present Perfect ဆိုရင် has/ have ကို သုံးရသည်။**

e.g. They have been to Mandalay. So have I.

They haven't been to Mandalay. Neither have I.

**Future Simple ဆိုရင် will ကို သုံးရသည်။**

e.g. Ko Aung will be at the cafe later. So will I.

Ko Aung will not be at the cafe later. Neither will I.

**Modal verbs တွေဆိုရင် မူလဝါကျမှာ သုံးထားတဲ့အတိုင်း ပြန်သုံးရသည်။**

e.g. He would like a cup of tea. So would I.

He wouldn't like a cup of tea. Neither would I.

Zin Zin can speak Chinese. So can I.

Zin Zin cannot speak Chinese. Neither can I.

**မှတ်ရန်**

**So do I နေရာမှာ I do too/ me too တို့ကို သုံးလို့ရပါတယ်။**

**Neither do I နေရာမှာ I don't either / me neither တို့ကိုလည်း သုံးလို့ရပါတယ်။**

Verb ကြိယာပြောင်းလဲမှုတွေကတော့ အထက်မှာ ဖော်ပြထားတဲ့အတိုင်းပါပဲ။

ဥပမာ။ Father is at the office. I am too (So am I/ me too).

Si Si isn't going out tonight. I am not either (neither am I/ me neither).

They have been to PyinOoLwin. I have too (So have I/ me too).

Zin Zin cannot speak Chinese. I can't either (Neither can I/ me neither).

So do I/ me too/ I do too / Neither do I/ I don't either/ me neither တို့ကို အခြား Subject ပြုလုပ်သူများနှင့်လည်း တွဲသုံးလို့ရသည်။

e.g. Ko Moe: I hate mushrooms.

Me: So does Lin Lin/ Lin Lin does too/ Lin Lin too. (I/me နေရာမှာ သက်ဆိုင်တဲ့ Subject တွေကို အစားထိုးပြီးသုံးရပါတယ်။ Subject က အနည်းကိန်းဆိုရင် Verb ကြိယာလည်း အနည်းကိန်းဖြစ်သွားတာကို သတိပြုပါ။)

e.g. Zaw Zaw: I **don't live** in Nay Pyi Taw.

Me: Neither **does** Zin Zin/Zin Zin **doesn't** either/Zin Zin neither.

e.g. We **live** in Kalaw and so **do** they.

Min Min **loves** tennis. Zu Zu and Zaw Zaw **do** too.

My friends **don't** come here very often. Neither **does** my brother.

She **isn't** Japanese and neither **is** he.

You **don't** like cold weather. Neither **do** we.

*(လာမည့်အပတ်တွင် adverbs of frequency အကြောင်း ဖော်ပြပါမည်)*

## Grade 7

**အရင်အပတ်က Unit 3 Lesson: 1 At the clothes shop အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 3 Lesson 2: Accessories you usually go for အကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။**

### Lesson 2: Accessories you usually go for
### သင်ခန်းစာ-၂ သင်ပုံမှန်ဝယ်ယူလေ့ရှိသော အသုံးအဆောင်များ

* accessories အသုံးအဆောင်များ


* advertisements ကြော်ငြာများ

**Vocabulary ဝေါဟာရ**

**1. Label the pictures using the words in the box.**

**ရုပ်ပုံများအောက်တွင် ၎င်းတို့၏ ဝေါဟာရများရေးပါ။**

| belt | earring | purse | sunglasses | wallet |
|---|---|---|---|---|
| **ခါးပတ်** | **နားဆွဲ** | **ပိုက်ဆံအိတ်** | **မျက်မှန်** | **ခေါက်ပိုက်ဆံအိတ်** |
| bracelet | necklace | scarf | tie | watch |
| **လက်ကောက်** | **လည်ဆွဲ** | **လည်စည်းပဝါ** | **လည်စည်း** | **လက်ပတ်နာရီ** |

1.  _______
2.  _______
3.  _______
4.  _______
5.  _______
6.  _______
7.  _______
8.  _______
9.  _______
10.  _______

2a. In pairs, ask and answer the following questions. Tick (3) the correct box for your partner's answer.

အောက်ပါမေးခွန်းများကို နှစ်ယောက်တွဲ အမေးအဖြေပြုလုပ်ပါ။ သင့်သူငယ်ချင်း၏အဖြေကို အမှန်ခြစ်ပါ။

| | | **Yes** | **No** |
|---|---|---|---|
| 1. | Do you like wearing a watch?<br>လက်ပတ်နာရီ ဝတ်ရတာကြိုက်လား။ | ____ | ____ |
| 2. | Do you like wearing sunglasses?<br>နေကာမျက်မှန် ဝတ်ရတာကြိုက်လား။ | ____ | ____ |
| 3. | Do you like wearing bracelets?<br>လက်ကောက် ဝတ်ရတာကြိုက်လား။ | ____ | ____ |
| 4. | Do you like wearing a belt?<br>ခါးပတ် ဝတ်ရတာကြိုက်လား။ | ____ | ____ |
| 5. | Do you like wearing a scarf?<br>ပဝါစည်းရတာ ကြိုက်လား။ | ____ | ____ |

2b. Work with a different partner. Tell each other about your previous partner.

နောက်သူငယ်ချင်းတစ်ယောက်နဲ့ ပြုလုပ်ပါ။ မေးခွန်းဖြေခဲ့တဲ့ သူငယ်ချင်းအကြောင်း ပြောပြပါ။

e.g Kyi Pyar likes wearing a watch, but she doesn't like wearing sunglasses.

ဥပမာ- ကြည်ပြာသည် လက်ပတ်နာရီဝတ်တာ ကြိုက်သည်။ ဒါပေမယ့် နေကာမျက်မှန်ဝတ်တာ မကြိုက်ပါ။

Nilar ______________________________

Waimar ______________________________

Ko Ko ______________________________

**Reading စာဖတ်ခြင်း**

3a. Tick(3) the items that you think an accessories shop advertisement may contain.

အသုံးအဆောင်ပစ္စည်းကြော်ငြာမှာ ပါဝင်နိုင်တဲ့ သင်ထင်တဲ့အချက်တွေကို အမှန်ခြစ်ပါ။

. Address လိပ်စာ

. items ပစ္စည်းများ

. Colours of items ပစ္စည်းအရောင်များ

. Materials (e.g wool. cotton. etc.) သိုးမွေး၊ ချည်ထည်ကဲ့သို့သော ပစ္စည်းများ

. Name of shop ဆိုင်အမည်

. Price of items ပစ္စည်းဈေးနှုန်းများ

. Opening hours ဖွင့်တဲ့အချိန်

**3b. Read the advertisements and check your answers.**

**ကြော်ငြာများကိုဖတ်၍ သင်၏အဖြေများကို စစ်ဆေးပါ။**

**Stars ကြယ်ပွင့်များ**

**Local Accessories Shop ကျေးလက်အသုံးအဆောင်ပစ္စည်းဆိုင်**

1. Trendy cotton wallets come in three colours: red, green and yellow. They are light and easy to carry. They are made in Myanmar. Each costs only 3000 kyats.

လူကြိုက်များနေတဲ့ ချည်နဲ့လုပ်တဲ့ ပိုက်ဆံအိတ်လေးတွေက အနီ၊ အစိမ်းနဲ့ အဝါဆိုပြီး အရောင်သုံးမျိုးလာပါတယ်။ သူတို့က ပေါ့ပါးပြီး သယ်ဆောင်ရလွယ်ကူပါတယ်။ မြန်မာနိုင်ငံထုတ် ပိုက်ဆံအိတ်လေးတွေဖြစ်ပါတယ်။ တစ်အိတ်ကို သုံးထောင်ကျပ်ပါ။

2. Beautiful scarves made of wool are available in three different colours: white, red and grey. They make you warm in the cold season. They are the products of Pyin Oo Lwin. Each costs 6000 kyats.

သိုးမွေးနဲ့ ပြုလုပ်ထားတဲ့ လည်စည်းပဝါလေးတွေကို အဖြူ အနီနဲ့ ခဲရောင် မတူညီတဲ့ အရောင်လေးတွေနဲ့ ရရှိနိုင်ပါတယ်။ အေးမြတဲ့ ရာသီမှာ သူတို့က သင့်ကို နွေးထွေးစေပါတယ်။ ပဝါလေးတွေက ပြင်ဦးလွင်ထွက် ကုန်လေးတွေဖြစ်ပြီး တစ်ခုကို ခြောက်ထောင်ကျပ်သာ ကျသင့်ပါတယ်။

3. These inexpensive bracelets are mad of seashells. They come in different colours. They are made in Chaungtha. Each costs 1000 kyats.

ဒီဈေးအလွန်တန်တဲ့ ဈေးပေါတဲ့လက်ကောက်လေးတွေကို ပင်လယ်ခရုခွံနဲ့ ပြုလုပ်ထားတာပါ။ သူတို့က အရောင်မျိုးစုံလာပါတယ်။ သူတို့လေးတွေက ချောင်းသာထွက်ကုန်လေးတွေပါ။ တစ်ခုကို တစ်ထောင်ကျပ်ဖြစ်ပါတယ်။

Open daily– 9 am to 5 pm, No.66, Bogyoke Market. Pabedan Township, Yangon.

နေ့စဉ်ဆိုင်ဖွင့်ချိန် နံနက် ၉ နာရီမှ ညနေ ၅ နာရီ အမှတ် ၆၆၊ ဗိုလ်ချုပ်ဈေး ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့။ **(ဆက်လက်ဖော်ပြပါမည်)**

## Grade 8

## Unit 4

### Lesson 3: The best of the best

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. The local people are very f____________ to visitors.
2. Our teacher is k___________ and patient to her students.
3. Bagan is f____________ for its thousands of pagodas.
4. You are r_______________ for cleaning your own clothes.
5. They made a g___________ donation to the monastery.
6. He has a l____________ house and two cars.
7. Eating healthy and exercising keeps her y_____________.
8. The p___________ of the world is increasing very fast.
9. Which is the biggest c___________ in your country?
10. There is a s______________ difference in prices between the two stores.

**II. Complete each sentence with the superlative form of the adjective in the brackets.**

1. My mother never stops talking. She is the _____________ (talkative) person in my family.
2. Hla Thuzar has a smiling face. She is the _____________ (beautiful) girl in the class.
3. U Thukha donates much money. He is the ____________ (generous) man I have ever met.
4. Daw Swe Swe is a good teacher. She is the ___________ (patient) woman in our school.
5. We play football. It is the ____________ (popular) game in the world.
6. Ko Moe is helpful to others. He is the ________________ (cooperative) person in our street.
7. Which is the ______________ (long) river in our country?
8. Canada is the second ______________ (large) country in the world.
9. That was the ______________ (stupid) mistake.
10. Ko Kyaw's room is the ______________ (clean) of all.

**III.Change the following adjectives into superlative forms.**

| | Positive | Superlative |
|---|---|---|
| 1. | wrong | _____________ |
| 2. | bored | _____________ |
| 3. | simple | _____________ |
| 4. | quiet | _____________ |
| 5. | ugly | _____________ |
| 6. | interesting | _____________ |
| 7. | bad | _____________ |
| 8. | little | _____________ |
| 9. | much | _____________ |
| 10. | good | _____________ |

**IV. Complete the following sentences with the, my, your, his or their.**

1. Ko Ko is __________ cleverest student in the class.
2. U Maung and Daw Mya are very generous. They donated __________ clothes to the needy people.
3. Zin Zin is very kind to me. She is __________ best friend.
4. Kyaw Kyaw introduced me to _________ three sisters this morning.
5. Can you tell me _____________ phone number?

***************

## Unit 4

### Lesson 4: People around me

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Rice and curry is my f______________ food.
2. My teacher is a_________ with me as I didn't do homework.
3. The twin brothers are d______________ in their manners.
4. Your n______________ is someone who lives near you.
5. Who s______________ you to be a vocalist?
6. We students have to follow school r_____________.
7. She is popular among the teenagers. She is also the i____________ of countless teenagers.
8. Look up the trains to Nay Pyi Taw in the t_______________.
9. U Zaw is a good teacher. Most of the students a_________ him.
10. Daisy is very sweet but sometimes s___________ to talk with us.

**II. Write a paragraph on <u>The Most Helpful Person in My Family</u>.**

❖ ကျွန်တော့်အဖေက မိသားစုဝင်တွေထဲမှာ အကူအညီပေးတတ်ဆုံးသူ ဖြစ်ပါတယ်။
(helpful/ among the family members)

❖ အကူအညီလိုတဲ့ မည်သူကိုမဆို ကူညီတတ်တယ်။
(anyone who asks for help)

❖ အစားအသောက်တွေ၊ ပိုက်ဆံနဲ့ အဝတ်အထည်တွေကို လိုအပ်တဲ့သူတွေကို ပေးလေ့ရှိတယ်။
(food, money and clothes/ usually donate/ the needy people)

❖ လူတွေသာမက တိရစ္ဆာန်တွေကိုလည်း ကူညီတတ်တယ်။
(besides people, help animals)

❖ ဒါကြောင့် လူအများက သူ့ကို ချစ်ခင်ကြတယ်။
(many people/ love)

**The most helpful person in my family**

**III. Write a paragraph on <u>The Most Friendly Person in My class</u>.**

❖ ဆွေဆွေက အတန်းထဲမှာ ရင်းနှီးဖော်ရွေဆုံး ကျောင်းသူဖြစ်တယ်။ (friendly/ in the class)

❖ သူ့မှာ နှစ်လိုဖွယ်ကောင်းပြီး ချစ်ခင်စရာမျက်နှာရှိတယ်။
(a charming, smiling face)

❖ လူတွေကိုတွေ့တဲ့အခါတိုင်း ရယ်ပြုံလေ့ရှိတယ်။
(always smile/ whenever she meets others)

❖ ဒါကြောင့်သူ့မှာ သူငယ်ချင်းအများအပြားရှိတယ်။
(has/ many friends)

❖ သူ အကူအညီလိုတဲ့အခါတိုင်း သူ့သူငယ်ချင်းတွေက သူ့ကို ကူညီကြတယ်။ (her friends/ help her/ when she is in need of help)

**The most friendly person in my class**

*********************

## Grade 9 (စနစ်ဟောင်း)

အရင်ပတ် **Verb Form (မေးခွန်းဖြေဆိုနည်း)**တွေကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ **Verb Form** လေ့ကျင့်ခန်းတွေကို ဖော်ပြသွားမှာ ဖြစ်ပါတယ်။

**(ယခင်အပတ်မှအဆက်)**

### Verb Form လေ့ကျင့်ခန်း

(C) Put the verbs in brackets into the <u>**Simple past**</u> or the <u>**Past Continuous tense**</u>.

1. I ___ (wash) my face and hands when the telephone ___ (ring).
2. While he ___ (play) football, he ___ (hurt) his ankle.
3. Mother walked in while I ___ (do) homework.
4. As I ___ (get) into the bus, it suddenly ___ (start)to move.
5. We ___ (wait) for our friends at 2 o'clock yesterday afternoon.
6. I met your sister when I ___ (walk) down the street.
7. While I ___ (write) a letter yesterday, my father ____ (polish) his car.
8. The wind ___ (blow) strongly throughout the night.
9. We ___ (play) badminton at 6 o'clock last evening.
10. While mother ___ (cook), father ___ (read) the newspaper.

**Ans:**

**1. was washing, rang; 2. was playing, hurt; 3. was doing; 4. was getting, started; 5. were waiting, has; 6. was walking; 7. was writing, was polishing; 8. was blowing; 9. were playing; 10. was cooking, was reading;**

(D) Put the verbs in brackets into the <u>**Simple Past**</u> or <u>**the Past Perfect tense**</u>.

1. The train ___ (leave) when we reached the station.
2. They stopped working after the sun ___ (set).
3. When sister ___ (finish) reading the book, she put it back on the shelf.
4. She said that she ___ (lose) her book.
5. She ___ (just go) out when I ___ (call) at her house.
6. The fire ___ (destroy) the whole building before the firemen ___ (arrive).
7. The tourist told us that he ___ (lose) his way.
8. I ___ (go) home after I ___ (finish) my work.
9. The bell ___ (already ring) when the school bus ___ (arrive) at school.
10. He said that he ___ (have) his bath.

**Ans:**

**1. had left; 2. had set; 3. had finished; 4. had lost; 5. had just gone, called; 6. had destroyed, arrived; 7. had lost; 8. went, had finished; 9. had already rung, arrived; 10. had had;**

**(E) Fill in the blanks with the <u>Present Perfect Continuous</u> tense of the verbs in brackets.**

1. It ___ (rain) for two hours.
2. The old man ___ (live) in this street for ten years.
3. I ___ (think) about going overseas.
4. She is tired. She (sleep) for an hour.
5. The boy ___ (save) money to go on a picnic.
6. I ___ (save) for a new bike.
7. Mother and aunt ___ (shop) since this morning.
8. Teacher Kyaw ___ (teach) in this school for twelve years.
9. Her eyes are red. She ___ (cry).
10. That team ___ (win) the championship for three consecutive years.

Ans:

**1. has been raining; 2. has been living; 3. has been thinking; 4. has been sleeping; 5. has been saving; 6. have been saving; 7. have been shopping; 8. has been teaching; 9. has been crying; 10. has been winning;**

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၉-၉-၂၀၂၂ ရက်နေ့မှအဆက်)

ရူပနန္ဒာသည် သူစိတ်ဝင်စားနေသော မိန်းကလေးကို ဘုရားရှင်က အစဉ်အတိုင်း အသက်နှစ်ဆယ်အရွယ်သို့လည်းကောင်း၊ တစ်ကြိမ်သားဖွားပြီးအရွယ်သို့လည်းကောင်း၊ လေး၊ ငါးကြိမ် သားဖွားပြီးအရွယ်သို့လည်းကောင်း၊ အိုမင်းရွတ်တွသော မိန်းမအိုအရွယ်သို့လည်းကောင်း၊ ဆံဖြူသွားကျိုး၊ နံရိုးကိုင်းကိုင်း၊ ကတုန်ကယင် တောင်ဝှေးကိုင်စွဲ မိန်းမအရွယ်သို့လည်းကောင်း နောက်ဆုံး၌ အနာရောဂါစွဲကပ်၍ မြေသို့ပြိုလဲပြီး ကျင်ကြီးကျင်ငယ်ထဲသို့ လူးလိမ့်၍ သေဆုံးသောဘဝ၌ ရုပ်အလောင်းကောင်သည် ဖူးရောင်ကာ ဒွါရကိုးပေါက်မှ ပြည်ပုပ်များ အလုံးလိုက် အတောင့်လိုက်ထွက်၍ ပိုးလောက်အထွေးများ ယိုထွက်လျက် ကျီးများလာရောက်ဆွဲငင်၍ တစ်စစီဖြစ်ကာ ပျက်စီးပုံကို ဘုရားရှင်က ပြသဖန်ဆင်းထားသည်။

ဤသို့အဖြစ်ကို ရူပနန္ဒာမြင်လေသော် သူလည်း ဤကဲ့သို့ ကြုံတွေ့ရမည်ကို သိလာပြီး ဤခန္ဓာကိုယ်ကြီးသည် မမြဲသည့်သဘော၊ ဆင်းရဲသည့်သဘော၊ စိုးပိုင်၍မရသည့်သဘောကိုသိ၍ ရုပ်ခန္ဓာကို မက်မောသဘောမရှိ ဖြစ်လာလေသည်။

ဘုရားရှင်ကလည်း ဤခန္ဓာကိုယ်သည် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ မာန်မာနထောင်လွှားခြင်း၊ သူ့ကျေးဇူးကို ချေဖျက်ခြင်းတည်းဟူသော ကိုယ်နာ၊ စိတ်နာများ စုပေါင်းနေကြောင်း ဟောကြားလေသည်။ ဤသို့ဖြင့် ဘုရားရှင်ဟောကြားသော တရားဒေသနာရ၍ သောတာပန်ဖြစ်လေသည်။ ဘုရားရှင်သည် ရူပနန္ဒာအား အထက်မဂ်သုံးပါးကိုရစေရန်အတွက် သုညတကမ္မဋ္ဌာန်းကို ဟောတော်မူလို၍ တစ်ဆယ့်လေးဂါထာရှိသော ဝိဇယသုတ္တန်ကို ဟောလေသည်။ ရူပနန္ဒာသည် သုညတကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် တစ်ရက်၊ နှစ်ရက်မျှနှင့် ရဟန္တာအဖြစ်သို့ ရောက်သွားလေသည်။ ရဟန္တာဖြစ်ပြီးနောက် ၎င်းအား ဈာနလာဘီ (ဈာန်ရသူ) ထေရီမများထက် ထူးမြတ်သည်။

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ရဟန်းမတို့အား တေဒဂ်အရာ၌ ထားတော်မူသောအခါ ဈာန်ဝင်စားလျက်ရှိသော ရဟန်းမတို့တွင် ရူပနန္ဒာသည် အမြတ်ဆုံးဖြစ်ပေသည်ဟု ဈာယီ (ဈာနလာဘီ) တေဒဂ်အရာ၌ ထားတော်မူလေသည်။

**ယသောဓရာ (ခေါ်) ဘဒ္ဒကစ္စာနာ ရဟန္တာဖြစ်ခြင်း**

ကပိလဝတ်ပြည်ကြီးတွင်ရှိသော သာကီနွယ်မင်းတို့သည် ဘုရားရှင်၏ သာသနာတော်ဝင်သွားကြပါသည်။ ထိုထဲတွင် မယ်တော်ဂေါတမီမိဖုရား၊ သမီးတော် ဇနပဒကလျာဏီ ရဟန်းပြုသွားကြပါသည်။ ထို့အပြင် သုဒ္ဓေါဒနမင်းကြီးကလည်း ကွယ်လွန်ရှာပြီ ဖြစ်ပါသည်။ နန္ဒမင်းသားကလည်း ရဟန်းပြုလေသည်။ ရာဟုလာလည်း ဘုရားရှင်က ရဟန်းပြုပေးထားပါသည်။ ထို့ကြောင့် နန်းတော်ကြီးတွင် ယသောဓရာ (ခေါ်) ဘဒ္ဒကစ္စာနာတစ်ဦးတည်း နန်းတော်တွင် ကျန်ရှိခဲ့ပါသည်။ ယသောဓရာသည် ကပိလဝတ်ပြည်ကြီးကို နန်းဆက်ခံမည့်သူ မရှိသဖြင့် ဘုရားရှင်ထံသို့သွားပြီး သူ့သားတော် ရာဟုလာကို ပြန်တောင်းခံ၍ ဘေးတော်၊ ဘိုးတော်များ အမွေနန်းကို ဆက်ခံရန်စိတ်ကူးလေသည်။ ၎င်းသည် သူစိတ်ကြံထားသည့်အကြံအတိုင်း ဘုရားရှင် သီတင်းသုံးနေထိုင်သော ဝေဠုဝန်ကျောင်းသို့ သွားလေသည်။

ဘဒ္ဒကစ္စာနာသည် ဘုရားထံသို့ရောက်၍ ဘုရားနှင့်တွေ့သောအခါ မြတ်စွာဘုရားအား ဤသို့ဆိုလေသည်။ ကိုယ်တော်၏အစီးပွားကိုသာမကျင့်ဘဲ သတ္တဝါတို့၏ အစီးပွား၊ ဆွေတော်မျိုးတော်၏ အစီးပွားကိုလည်း ကျင့်တော်မူပါ။ သို့ဖြစ်၍ ကပိလဝတ်ပြည်သည် မင်းမဲ့ခန်းခြောက်နေသည်။ ဤထီးနန်းကို ဆက်ခံရန်အတွက် သားတော် ရာဟုလာအား သာသနာမှထွက်စေ၍ သူ့ထံသို့ ပြန်အပ်ရန်လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က ဘဒ္ဒကစ္စာနာအား လမ်းမှန်ကိုမြင်စေရန် ဆုံးမတော်မူလေသည်။ ဘုံသုံးပါး၌ရှိကုန်သော နတ်ဗြဟ္မာသတ္တဝါတို့အား သားတော်ရာဟုလာနှင့်မခြား သနားတော်မူသဖြင့် ထိုသူများ၏အစီးပွားကို သူကျင့်တော်မူကြောင်း၊ သင်သည် အစီးပွားကိုလည်းမပါ၊ ဆွေတော်မျိုးတော်တို့၏ အစီးပွားလည်းမဟုတ်၊ ဤဒုက္ခဆင်းရဲကိုပေးနိုင်သော ကာမဂုဏ်တွင် ခံစားသဖြင့် သံသရာလည်မည်ဖြစ်ကြောင်း၊ ဤသို့အကျိုးစီးပွားကို ခံစားလျှင် သေလွန်သောအခါ၌ အပါယ်သို့ကျမည်ဖြစ်ကြောင်း မိန့်ဆိုလေသည်။

ထို့ကြောင့် လူ့ဘောင်တွင် ကာမဂုဏ်ဟူသော အမှိုက်စု၍ ကိလေသာဟူသောမီးကို မွေးသဖြင့် တောက်လောင်ပျက်စီးရာဖြစ်ကြောင်း မိန့်ဆိုပြန်ပါသည်။ ထို့ပြင် သံသရာတစ်လျှောက်လုံး ပါရမီဖြည့်ဖက်များဖြစ်ကြသော သားတော်ရာဟုလာနှင့် ဆွေတော်မျိုးတော်တို့ကို ဆင်းရဲကင်းရာ နိဗ္ဗာန်သို့ ဦးတည်၍ သူ့သာသနာတော်တွင် ရဟန်းပြုပေးရခြင်းဖြစ်ကြောင်းနှင့် သူ၏သာသနာတော်၌ သင်သည်လည်း ရဟန်းပြုရန် မိန့်တော်မူလိုက်လေသည်။

ကာမဂုဏ်တို့၏အပြစ်နှင့် ကာမဂုဏ်စွန့်လွှတ်ခြင်းအကျိုးတို့ကို ဘုရားရှင်ကဟောကြားတော်မူသဖြင့် ဘဒ္ဒကစ္စာနာသည် သစ္စာလေးပါးကိုမြင်ပြီး ဘုရားရှင်အား ကန်တော့ဖူးမြော်၍ ထွက်ခွာသည်။ ၎င်းသည် သူ၏မောင်းမတို့နှင့်တကွ ဘုရားသာသနာ၌ ရဟန်းမအဖြစ် နေတော်မူသော ယောက်မတော်သူ ဇနပဒကလျာဏီထေရီမထံတွင် ရဟန်းပြုတော်မူလေသည်။

ဘဒ္ဒကစ္စာနာသည် ကမ္မဋ္ဌာန်း ဝိပဿနာအလုပ်ကို ကြိုးကြိုးစားစား ပြင်းပြင်းထန်ထန်ကျင့်ကြံအားထုတ်သောကြောင့် ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါး၊ သမာပတ်ရှစ်ပါး တရားထူးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်သွားလေသည်။ နောင်သောအခါ၌ ဘဒ္ဒကစ္စာနာထေရီမဟူ၍ ထင်ရှားဖြစ်လာလေသည်။

၎င်းထေရီမသည် ပုဗ္ဗေနိဝါသဉာဏ်အရာ၌ ရဟန္တာတို့ထဲတွင် လွန်စွာမြင်နိုင်လေသည်။ ဤကမ္ဘာမှစ၍ အတိတ်ကမ္ဘာ တစ်ဆယ့်ခြောက်သင်္ချေကာလ၌ ဖြစ်သမျှအလုံးစုံကို ခဏချင်းပင် မြင်သိတော်မူနိုင်လေသည်။ ထို့ကြောင့် နောင်သောအခါ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ထေရီမတို့အား တေဒဂ်အရာ၌ ထားတော်မူရာ ထေရီရဟန်းမတို့တွင် အဘိညာဉ်အရာ၌ ဘဒ္ဒကစ္စာနာသည် အမြတ်ဆုံးဖြစ်ကြောင်း မိန့်တော်မူသည်။ ထို့အပြင် ၎င်းအား မဟာဘိညပ္ပတ္တ (မဟာဘိညာ) တေဒဂ်အရာ၌ ထားတော်မူလေသည်။

မှတ်ချက်။ ။ ဘုရားရှင်တစ်ဆူတစ်ဆူ သာသနာတော်၌ မဟာဘိညာဖြစ်သော ပုဂ္ဂိုလ်တို့မှာ လေးပါးရှိ၏။ ဘုရားရှင်လက်ထက်၌ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်ဗာကုလ၊ ဘဒ္ဒကစ္စာနာဟူသော ပုဂ္ဂိုလ်လေးဦးသာ အသင်္ချေသော ကပ်ကမ္ဘာကာလ၌ ဖြစ်ခဲ့သော ခန္ဓာစဉ်ဘဝများကို သိနိုင်လေသည်။ အခြားသောရဟန္တာတို့သည် အလွန်ဆုံးကမ္ဘာတစ်သိန်းမျှသာ သိမြင်နိုင်သည်။

**သမားတော်ကြီး ဇီဝကအကြောင်း**

ဘုရားရှင်သည် ခေမာမိဖုရားမှစ၍ ချွတ်ထိုက်သူများကိုချွတ်၍ ရာဇဂြိုဟ်ပြည်နှင့် မနီးမဝေး မကုဋလတောင် 'ချရား' တောကျောင်း၌ ဆဋ္ဌမဝါကပ်၍ သီတင်းသုံးတော်မူသည်။ ထို့နောက် ဝါကျွတ်သောအခါ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွလေသည်။

ရာဇဂြိုဟ်ပြည်၌ "အဘယ" မင်းသားသည် သာလဝတီမည်သော ပြည့်တန်ဆာမနှင့် ပျော်ပါးသည်။ ထိုသို့ ပျော်ပါးခြင်းကြောင့် သားတစ်ယောက် သန္ဓေတည် ရရှိလေသည်။ ပြည့်တန်ဆာမသည် ထိုသားငယ်ကို ဇန်းငယ်တွင်ထည့်၍ မြို့စွန်တံမြက်ချေးတွင် စွန့်ပစ်စေခဲ့ပါသည်။

ယင်းနေ့၌ အဘယမင်းသည် မင်းခစားဝင်ရန် သွားသည့်အခါ ကျီးများဝိုင်းရံအော်နေသည်ကို မြင်၍ သူ၏နောက်ပါယောကျ်ားများကို ကြည့်စေသည်။ ထိုအခါ ကလေးငယ်စွန့်ထားသည်၊ အသက်ရှင်ကြောင်းကြားသိရ၍ အဘယမင်းသားသည် မွေးစားတော်မူလေသည်။ ကလေးငယ်သည် အသက်ရှည်ပြင်းသောကြောင့် "ဇီဝက" ဟူ၍လည်းကောင်း၊ အဘယမင်းသား (ကုမာရ) ကောက်ယူမွေးခြင်းကြောင့် "ကောမာရဘစ္စ" ဟူ၍လည်းကောင်း အမည်ပေးထားလေသည်။ "ဇီဝက" သည် သူ၏ဘဝအကြောင်းကို သိကြားလိမ္မာသည့် အရွယ်ရောက်သည့်အချိန်၌ "အဘယ" မင်းသားထံမှ သိလိုက်ရပါသည်။ ၎င်းသည် မင်း၏အိမ်၌နေသော် ပညာတတ်မှ လူအပေါင်းက လေးစားကြည်ညိုမည်။ ထို့ကြောင့် အကြံဖြစ်၍ သူသည် ဆေးပညာကိုယူအံ့ဟု ဆုံးဖြတ်သည်။

ထိုဆုံးဖြတ်ချက်အရ ဇီဝကသည် အဘယမင်းသားကိုပင်အသိမပေးဘဲ တက္ကသိုလ်ပြည်သို့ သွား၍ ဒိသာပါမောက္ခဆရာကြီးထံတွင် ဆေးပညာကို သင်ယူလေသည်။ ၎င်းသည် ဉာဏ်ထက်မြက်၍ သူသင်ကြားရသောပညာတွင် သင်တိုင်း၊သင်တိုင်း ပညာရပ်တို့၌ မှတ်မိသည်။ အခြားသူများ တစ်ဆယ့်ခြောက်နှစ်တိုင် သင်ယူရသောပညာကို ၎င်းသည် ခုနစ်နှစ်ဖြင့် ကုန်စင်အောင်တတ်မြောက်အောင်မြင်သည်။ သိကြားမင်းက "ဇီဝက" သည် ဘုရားရှင်၏ အလုပ်အကျွေးဖြစ်လတ္တံ့ဟုသိ၍ ဒိသာပါမောက္ခဆရာကြီးကိုယ်မှာ ကပ်မှီပြီး ဆေးပညာအတတ်ကို သင်ပေးစေသည်။ ထို့ကြောင့် "ဇီဝက"သည် ကံကုန်၍ သေမည့်လူနာမှတစ်ပါး ကျန်လူနာအားလုံးကို ဆေးတစ်ခါပေးရုံဖြင့် ပျောက်ကင်းစေနိုင်သော အစွမ်းရှိလေသည်။ (ဆက်လက်ဖော်ပြပါမည်)



**"ဘုရားရှင်က ဘဒ္ဒကစ္စာနာအား လမ်းမှန်ကိုမြင်စေရန် ဆုံးမတော်မူလေသည်။ ဘုံသုံးပါး၌ရှိကုန်သော နတ်ဗြဟ္မာသတ္တဝါတို့အား သားတော်ရာဟုလာနှင့်မခြား သနားတော်မူသဖြင့် ထိုသူများ၏ အစီးပွားကို သူကျင့်တော်မူကြောင်း၊ သင်သည် အစီးပွားကိုလည်းမပါ၊ ဆွေတော်မျိုးတော်တို့၏ အစီးပွားလည်းမဟုတ်၊ ဤဒုက္ခဆင်းရဲကိုပေးနိုင်သော ကာမဂုဏ်တွင် ခံစားသဖြင့် သံသရာလည်မည် ဖြစ်ကြောင်း၊ ဤသို့အကျိုးစီးပွားကို ခံစားလျှင် သေလွန်သောအခါ၌ အပါယ်သို့ကျမည်ဖြစ်ကြောင်း မိန့်ဆို"**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၆၉ ဆူ | ၃၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၈ တိုင် | ၁၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၅၀ တိုင် | ၃၀ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၈ ခု | ၅၄၄ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၄၅ ကျင်း | ၂၀၇၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၀ ကျင်း | ၁၉၇. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းကျင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၇ ကျင်း | ၅၈၉၃. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၅ ကျင်း | ၁၆၁၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | | | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၆၃ စုံ | ၄၃၇ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

**အကြီးစားပွဲရုံ၊ လူနေဆိုင်ခန်းလုံးချင်းအိမ်ရာအဆောက်အဦးများ အမြန်ရောင်းမည်။** **စီးပွားရေးငွေကြေးရင်းနှီးမြှုပ်နှံလိုသူများအမြန်ဆက်သွယ်ပါ။**

အင်းစိန်မြို့နယ် တည်ငင်းကုန်း ခေတ်မီ အဆင့်မြင့်လက်ကားဈေးသစ်ကြီး၌ တည်ဆောက်လျက်ရှိသော ပေ ၄၀ × ပေ ၆၀ မြေပေါ်ရှိ နှစ်ခန်းတွဲ၊ လေးထပ်ခွဲတိုက်များနှင့် နှစ်ခန်းတွဲ ၊သုံးထပ်ခွဲတိုက်များကို လုံးချင်းသော်လည်းကောင်း၊ တစ်ခြမ်းချင်းသော်လည်းကောင်း၊ တစ်ခန်းချင်းစီသော်လည်းကောင်း အထူးသက်သာသော ဈေးနှုန်းဖြင့် အမြန်ရောင်းချပေးနေပါပြီ (နာမည် အမည်ပေါက်ရမည်။ )






**ဆက်သွယ်ရန်ဖုန်း-၀၉ ၅၀၁၅၆၄၇၊ ၀၉ ၅၀၀၀၆၇၃၊ ၀၉ ၅၁၅၉၁၃၄၊ ၀၉ ၅၁၅၁၅၇၆**


## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်-၆၃၊ 5B -စမ်းချောင်းလမ်း၊ စမ်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နှင်းနှင်းထိုက်[၁၄/မမက(နိုင်)၀၃၀၀၁၉]ထံမှ ကျွန်မ ဒေါ်ခင်အေးသန်း[၆/မအရ(နိုင်)၀၃၈၁၁၆]သည် အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မ ဒေါ်ခင်အေးသန်းထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်အေးသန်း**
**Ph:09-443187959**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**အလုံခရိုင်တရားရုံး**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇၈**

ဦးဝင်းအောင် နှင့် ၁။ ဦးဝင်းကိုနိုင်
၂။ ဒေါ်မြထက်နွယ်

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ တရုတ်ကျောင်းလမ်း၊ အမှတ် ၆၄၊ ဒုတိယထပ်နေ ဦးဝင်းကိုနိုင်နှင့် ဒေါ်မြထက်နွယ် (ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းစရန်ပေး ပဋိညာဉ်အရ လျော်ကြေးငွေ ၅၀၀,၀၀,၀၀၀/ (ကျပ်သိန်းငါးရာတိတိ) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၅) ရက်နေ့၊ (၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဥမ္မာမောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**အလုံခရိုင် တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁၈)ရပ်ကွက်၊ အမှတ်(၁၃၇)၊ ဒေါ်ရှော့ဖောအမည်ပေါက် ပါမစ်မြေအမျိုးအစား၊ မြေအကျယ်အဝန်း(ပေ၄၀xပေ၆၀)အနက်မှ (ပေ၂၀xပေ၆၀) မြေကွက်နေအိမ်နှင့် အကျိုးခံစားခွင့်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်နေထိုင်လျက် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးမြတ်မြတ်သင်း [၁၂/ဥကတ(နိုင်)၁၇၃၉၉၄]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုနေ့ရက်ကျော်လွန်ပြီး ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မာမာစန်း [၈/ဆပဝ(နိုင်)၀၀၄၈၂၁]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်မြတ်သိမ်း (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၇၈)**
**အမှတ် (၄၁၄)၊ ကျန်စစ်သားလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၂၁၁၅၅၉၈၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်-၈၄၅(က)၊ ဧရိယာ(၂၆'x၆၀')ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်သိန်း [၁၂/ဥကတ(နိုင်)၀၈၁၂၈၉]ထံမှ ကျွန်ုပ်မိတ်ဆွေ၏ ကုမ္ပဏီဖြစ်သော KB & H INTERNATIONAL COMPANY LIMITED သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နော်အင်သူရီယမ် (LL.B)** **ဒေါ်နွေးသီတာအောင်**
**အထက်တန်းရှေ့နေ(စဉ်-၄၇၇၅၅)** **အထက်တန်းရှေ့နေ(စဉ်-၅၃၄၅၁)**
**အမှတ်-၁၀၀၂၊ တိုက်(၁)၊ Golden City ကွန်ဒို၊ ရန်ကင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၇၃၃၄၃၃၀၊ ၀၉- ၄၂၁၅၁၂၄၇၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်း မုဒိတာအိမ်ရာ၊ အခန်း B/623-A၊ ၆-လွှာ၊ အကျယ်အဝန်း(၁၅x၄၅)ပေရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမိုးမြင့်ဦး[၇/ပမန(နိုင်)၀၀၀၉၉၂]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှ(၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားနှင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်လာ၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မိုးရွှေ(LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၀၃/၁၁)**
**အမှတ်(၁၀၃)၊ (A/B) ပထမထပ်၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၄၄၅၇**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ သဲတန်းပိုင်း၊ နိဗ္ဗာန်လမ်း၊ အိမ်အမှတ် 3/33 နေဦးနိုင်ဝင်းအောင် [၇/ရကန(နိုင်)၀၁၁၂၈၂]၏ သားဖြစ်သူ မောင်အောင်နိုင်လင်း [၁၂/သလန(နိုင်)၁၄၄၉၂၁] သည် မိဘများ၏ဆိုဆုံးမမှုများကို မနာခံဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ် အခါခါပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်-ဦးနိုင်ဝင်းအောင်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်းမ၊ အခန်းအမှတ်-၂၇၀၁၊ (၂၇)လွှာ၊ တိုက်-၇၊ (၁၄၉၉.၈၇)စတုရန်းပေ အကျယ်ရှိ ကွန်ဒိုတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ တရားဝင်ပိုင်ဆိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိရွှေစင် [၁၂/မဂတ(နိုင်)၀၈၇၇၀၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းအား မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများမရှိပါက ဤပစ္စည်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ရတနာငွေခိုင် (LL.B)** **ဒေါ်ခင်မြတ်လေးစံ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၅၁၉)** **အထက်တန်းရှေ့နေ (စဉ်-၅၀၆၈၂)**
**အမှတ်(၁၇၁-က)/(၂) လွှာ၊ (၃)ရပ်ကွက်၊ (၄)လမ်းထောင့်၊ ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်။**
**CHOE GO LAW & ACCOUNTING FIRM**
**Ph:09-403671020**

**ဒဂုံမြို့သစ်တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည် ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။**
**09260664480**
**09260664490**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၄စီ-၁၊ မြေကွက်အမှတ်၁/၇၅ အေ-၁၊ ၀.၄၁ ဧက၊ မြေကွက်တည်နေရာ (ဦးစောအင်စွန်(ခ)စောလူစိန် (တီအမ်အီး-၀၀၈၉၈၉)(ယူစီစီ၆၀၆/၇၈) အမည်ပေါက်မြေပိုင်ဂရန်မြေ မြေအား အမည်ပေါက်ခင်ပွန်းဖြစ်သူ (ဦးစောအင်စွန်(ခ)စောလူစိန် (တီအမ်အီး၀၀၈၉၈၉)(ယူစီစီ ၆၀၆/၇၈) [၁၂/တမန(နိုင်)၀၇၆၉၅၉]သည် ၁၂-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့်ဇနီး တီချူကောက်(ခ)မခင်တီ [၁၂/တမန(နိုင်)၀၇၆၉၆၇]မှ ၎င်းမှတစ်ပါး အခြားဇနီးမယား တစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ အခြားအမွေစား၊ အမွေခံမရှိကြောင်း တရားဝင် တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်း ၂၈-၈-၂၀၂၀ ရက်စွဲပါ ကျမ်း ကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ ခင်ပွန်း၏နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ်-၃၈၀၊ မြေကွက်တည်နေရာ-အမှတ်(၃၀)၊ အောင်ရိပ်သာ(၄)လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးအောင်သင်း) (ISN-၅၃၉၂၃၀) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား မြေအမည်ပေါက် (ခင်ပွန်း) ဦးအောင်သင်း ကွယ်လွန်၍(ဇနီး)ဖြစ်သူ ဒေါ်ခင်မြင့် [၁၂/မရက(နိုင်)၀၈၅၂၉၀]မှ တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်းနှင့် ၎င်းတစ်ဦးတည်းသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သူဖြစ်ကြောင်းနှင့် အခြားအမွေဆက်ခံပိုင်ဆိုင်မည့်သူမကျန်ရှိကြောင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊(ခင်ပွန်း) ဦးအောင်သင်း၏ သေဆုံးမှုလက်မှတ်(ပထမမိတ္တူမှန်)၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ် (၆၀)မြေငှားစာချုပ်(ဂရန်)တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ အေးရိပ်သာ (၁) လမ်း၊ အမှတ်(၆၂၄/ခ)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ မြေကွက်အမှတ်(၆၂၄)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း (အလျား၂၀ပေx အနံ ၆၀ပေ)ရှိ နှစ် (၆၀) မြေငှားဂရန်မြေ အမျိုးအစား (ဂရန်မိတ္တူခြမ်း) မြေကွက်နှင့် အဆောက်အဦ အပါအဝင် ဆက်နွယ် တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်း မှတ်တမ်းတွင် ဒေါ်မြင့်မြင့် (TGO-040463) အမည်ပေါက်မှတ်သားထားရှိ၍ ၎င်းထံမှ အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်(၂၅၆၃/ ၁၅-၂-၂၀၂၂) ကို ရယူထားပြီး အရောင်းအဝယ်အရပ်ကတိစာချုပ်အရ မိမိမှလက်ဝယ်ထားပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဒေါ်ဌေးဌေးဝင်း [၁၂/ဥကမ(နိုင်)၁၈၃၄၃၄]မှ အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့်စာချုပ်စာတမ်း၊ စာရွက်စာတမ်းများ မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှ စတင်၍(၇) ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-** **ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၆၈)**
**အမှတ်၁၂၉၇/အေ ၊ ဇာတိဂုဏ်လမ်း၊**
**မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ နဂါးရုံဘုရားလမ်း၊ အမှတ်(ခ/က၁၆) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၃၃/သမိုင်း)၊ မြေကွက်အမှတ်(၈/က၁၆)၊ ဧရိယာ(၀.၁၄၀)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းမှတ်တမ်းတွင် ဒေါ်မြမြသန်း(H/RGN-၀၀၂၅၂၁)နှင့်ဦးကျော်သန်း(ခ)ကျော်မြင့်(PGU-၀၇၈၁၆၅)တို့(၂)ဦး အမည်ပေါက်မှတ်သား၍ လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသောမြေကွက်ဖြစ်ကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော(စရန်ငွေ)ကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းများ မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစတင်၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၆၀၀)တွင် နေထိုင်ခဲ့သူ ဒေါ်နှင်းဆီဝေ [၁၂/မဂတ (နိုင်)၀၇၂၁၄၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ရပ်ကွက်၊ မြတ်ရတနာတန်ဖိုးနည်းအိမ်ရာ၊ မြေကွက်အမှတ်(၁၆၁)၊ (အလျား x အနံ) (၄၀ပေ x ၆၇ပေ) အကျယ်အဝန်းရှိ မြေကွက်အား ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်ဝင်းမေအမည်ဖြင့် တရားဝင်ထုတ်ပေးသော မြေချစလစ်မြေအမျိုးအစားကို အဆက်အစပ်စာချုပ်မူရင်းများဖြင့် တရားဝင်ပိုင်ဆိုင်ထားသူ ဒေါ်ကြင်သိန်း [၁၄/လမန(နိုင်)၀၀၄၃၀၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဆီဝေ [၁၂/မဂတ(နိုင်) ၀၇၂၁၄၂]သည် (၁၄-၉-၂၀၂၂)ရက်တွင် ဥပဒေနှင့်အညီ လက်ရောက်လက်ခံဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဆီဝေ၏ တရားဝင်ခွင့်ပြုချက် မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံတင်သွင်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ မြေပုံ (၁၀၅) (၁၀၆) ကူးယူခြင်း၊ အမည်ပြောင်းလဲခြင်းနှင့် အခြားသောကိစ္စအရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်း ဆီဝေ သိရှိခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ကျော်လှိုင်**
**(LL.B, D.B.L, W.I.P.O(Switzerland))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၆၀)**
**အမှတ်(၆၈၆)၊ အနော်မာ (၁၆)လမ်းအရှေ့၊ ၁/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၀၁၆၂၄၈၁**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန္တာတင်

### အသက် (၆၆) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၁၇၄–ဘီ)နေ (ဦးသောင်းတင်–ဒေါ်ရီရီ)တို့၏သမီး၊ ဒေါ်ဝါဝါတင်–(ဦးထွန်းရွှေ)တို့၏ ညီမ၊ (ဦးရဲတင့်)–ဒေါ်သင်းသင်း၊ (ဦးရဲမြင့်)–ဒေါ်ခင်မာကြည်တို့၏ အစ်မ၊ ဦးရဲထွန်း (ညွှန်ကြားရေးမှူး– MI–ငြိမ်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)၏ ဇနီး၊ ဦးစိုးသူရ (Chief Operating Officer, Channel K)–ဒေါ်ဝင်းလဲ့ဖြူ၊ ဦးအာကာကျော်–ဒေါ်ခိုင်ဇင်ထွေးတို့၏မိခင်၊ မပိုးသံစဉ်ဖြူ (Rika)၏ အဘွားသည် ၂၃–၉–၂၀၂၂ ရက် နံနက် ၁၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၉–၉–၂၀၂၂ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ကြီး B.Sc (Hons)

ဖွဲ့နှဆီထုတ်စက်ရုံ၊ စက်ရုံမှူး (ငြိမ်း)

ကုန်သွယ်လယ်ယာ၊ လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)

### အသက် (၈၂) နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၇၂)၊ လေးလွှာ(အလယ်)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးစံဖေ–ဒေါ်ကစ်တီ)တို့၏သား၊ ဒေါ်ကေသီ (အ.ထ.က–၄၊ ပုဇွန်တောင်–ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးသီအောင် (ငွေစုဘဏ်ခွဲ–၃)၊ ဦးညီညီအောင် (တရားလွှတ်တော်ရှေ့နေ)တို့၏ ချစ်လှစွာသောဖခင်သည် ၁၇–၉–၂၀၂၂ (စနေနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၉–၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကောင်းမွန်စွာ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးစိုးဝင်း (ဒုတိယရဲမှူးကြီး–ငြိမ်း)

### အသက်(၆၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ရွှေမြင်တင်ကျေးရွာအုပ်စု၊ ညောင်ဝိုင်းကျေးရွာနေ (ဦးမောင်မောင်–ဒေါ်သန်းရီ)တို့၏သားကြီး၊ (ဒေါ်ခင်မာအုန်း)၏ခင်ပွန်း၊ ဒေါ်ရီရီမြင့်၏အစ်ကို၊ ဦးဇင်လင်းထွဋ်–ဒေါ်အိရွှေစင်ထွန်းတို့၏ ချစ်လှစွာသောဖခင်၊ မြေး သုံးယောက်တို့၏အဘိုးသည် ၂၃–၉–၂၀၂၂ (သောကြာနေ့) နံနက် ၁၀:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၅–၉–၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ဘေဘီအေး

### အသက် (၇၅)နှစ်

မြန်မာနိုင်ငံရှေ့နေအသင်း(ရန်ကုန်တိုင်းဒေသကြီး)၊ ဥက္ကဋ္ဌ ဦးစန်းလွင် တရားလွှတ်တော်ရှေ့နေ၏ဇနီး ဒေါ်ဘေဘီအေးသည် ၂၁–၉–၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံရှေ့နေအသင်း(ဗဟို)**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ဘေဘီအေး

### အသက် (၇၅)နှစ်

မြန်မာနိုင်ငံရှေ့နေအသင်း(ရန်ကုန်တိုင်းဒေသကြီး)၊ ဥက္ကဋ္ဌ ဦးစန်းလွင် တရားလွှတ်တော်ရှေ့နေ၏ဇနီး ဒေါ်ဘေဘီအေးသည် ၂၁–၉–၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေ ကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံရှေ့နေအသင်း(ရန်ကုန်တိုင်းဒေသကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ဝေဘာဂီ၊ သီတဂူလမ်း၊ အမှတ်– ၁၄၀ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်–၅၊ လူနေရပ်ကွက်အမှတ်–ဝေဘာဂီ၊ မြေကွက်အမှတ်–၁၄၀၊ အလျား ၃၀ပေ x အနံ ၅၀ပေ၊ ဧရိယာ ၁၅၀၀ စတုရန်းပေ အကျယ်ရှိ ဦးညွန့်မောင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လှရီအေး [၇/ရတန(နိုင်)၀၀၃၅၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သီတာမြင့် (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၅၉၈/၂၀၁၅)**

**အမှတ်–၁၁၈၊ နဝရတ်ကွန်ဒို၊ အခန်း–၄(ဘီ)၊ အောင်ချမ်းသာ(၁)လမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉– ၂၅၀၆၅၁၃၂၁**

## ဒေါ်ဟန်မြင့်(မြိတ်)

(မိုးကုတ်ယောဂီ)

### အသက်(၉၃)နှစ်

(ဦးဘချစ်–ဒေါ်ဘုတ်)တို့၏သမီး၊ ဦးသန်းညွန့်၏ဇနီး၊ (ဦးမျိုးညွန့်)–ဒေါ်မြင့်မြင့်စန်း၊ (ဦးဟုတ်ရှင်)–ဒေါ်မြင့်မြင့်ညွန့်၊ (ဦးသန်းအေး)–ဒေါ်ခင်မေငွေးတို့၏မွေးသမိခင်၊ မြေး ကိုးယောက်၊ မြစ် ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၃–၉–၂၀၂၂ (သောကြာနေ့)နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းစိန်

### အသက် (၉၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ထန်းတပင်မြို့နေ (ဦးစံရင်–ဒေါ်ဖွားမှန်)တို့၏သား၊ (ဦးကိုကိုမောင်)–ဒေါ်ငွေးငွေးကြည်၊ ဦးငွေပေါ်–ဒေါ်ငွေးငွေးစိန်၊ ဦးအောင်ဆွေဦး–ဒေါ်နီနီစိန်၊ ဦးကျော်ငွေး–ဒေါ်သီသီစိန်၊ ဒေါ်သန်းသန်းစိန်၊ ဦးအေးသိန်း–ဒေါ်ထွန်းမိစံတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးရစ်ယောက်တို့၏အဘိုး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ အောင်မြေလမ်း၊ အမှတ် (၃၁၃)နေ (ဒေါ်သောင်းယဉ်)၏ခင်ပွန်းသည် ၂၂–၉–၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၄–၉–၂၀၂၂ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၈–၉–၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

မဟာသဒ္ဓမ္မဇောတိက ဓဇ

### စည်သူ ဒေါက်တာခင်မောင်ညွန့်

အချိန်ပိုင်း အဖွဲ့ဝင် (မြန်မာသမိုင်းအဖွဲ့)

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ရှေးဟောင်းသုတေသန ဦးစီးဌာန

### အသက် (၉၃) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်း၊ အမှတ် (၄၉၉/x)နေ ဒေါ်လှလှခင်၏ခင်ပွန်း မန္တလေးအသင်း၏နာယက စည်သူဒေါက်တာ ခင်မောင်ညွန့်သည် ၁၅–၉–၂၀၂၂ (ကြာသပတေးနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**

**မန္တလေးအသင်း (ရန်ကုန်)**

## ဝမ်းနည်းခြင်း

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)

### ဦးမြင့်ဆွေ (၇၅)နှစ်

ဒုဥက္ကဋ္ဌ

ဒု–ဗိုလ်မှူးကြီး(ငြိမ်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်းနေ မြောင်းမြမြို့နယ်အသင်း၏ ဒု–ဥက္ကဋ္ဌ ဦးမြင့်ဆွေသည် ၂၃–၉–၂၀၂၂ (သောကြာနေ့)တွင် ကွယ်လွန်သွားပြီဖြစ်ပါ၍ ၂၅–၉–၂၀၂၂(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသား ရပ်ဝေးရပ်နီးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အလယ်ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၈၁၂/C) ဟုခေါ်တွင်သော (အလျား ၈၀ပေx အနံ ၂၀ပေ) အကျယ်အဝန်းရှိ ရွာမြေအမျိုးအစားနှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ရောင်းချခွင့်ရှိသော ဦးမင်းမင်းစိုး [၁၄/မအပ(နိုင်)၁၉၄၆၂၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ယောမယ်ရီ(LL.B,D.I.L)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၃၄၄)**

**ဖုန်း–၀၉–၄၂၁၀၂၉၀၈၇**

## ဦးညွန့်တင်သိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၅၃၀(စီ)၊ မြေကွက်အမှတ်(၈)၊ ဧရိယာ (၇.၀၀)ဧကထဲမှ တရားဝင်မခွဲ မစိတ်ရသေးသည့် (၁.၀၅၄)ဧက အကျယ်အဝန်းရှိ အမည်ပေါက် ဦးဒိတ်ကြီးထံမှ စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားသူ ဦးညွန့်တင် [၁၂/မဂတ(နိုင်)၀၈၀၉၆၄]ထံမှ အထက်ဖော်ပြပါ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးတင့်ဆန်း [၅/မရန(နိုင်)၁၇၁၅၈၀]မှ ထပ်မံဝယ်ယူထားပြီး ယခုအခါ အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် လိုအပ်နေသည့်အတွက် ဦးညွန့်တင်မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက် နောက်ဆုံးထား၍ ကျွန်ုပ်ထံ လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန် အကြောင်းကြားသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ကြူကြူဝင်း (LL.B)**

**အထက်တန်းရှေ့နေ(စဉ်–၃၀၂၇၄)**

**အမှတ်–၁၂(ဘီ)၊ စက်တွင်းလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉– ၄၃၀၅၇၄၆၀**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်မမကြည်

### အသက် (၉၅) နှစ်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ၅၈၅ ပြည်လမ်းနှင့် လမ်းမတော်မြို့နယ် ၇၇၄၊ မဟာဗန္ဓုလလမ်းနေ (ဦးထွန်းရင်)၏ဇနီး ၊ ဒေါ်မြင့်သီတာ (ဌာနမှူး–ငြိမ်း) (သတ္တဗေဒဌာန)၊ (ဦးထွန်းလင်း)၊ ဒေါက်တာ ကျော်မင်း – ဒေါ်ခင်ဝါဝါမြင့် (K,လူထုမေတ္တာ မြန်မာ့ဆေးမျိုးစုံဖြန့်ချီရေး)၊ (ဦးထွန်းဝင်း)တို့၏မိခင်၊ မမေမြတ်နိုးမင်း၊ မအေးရတနာမင်းတို့၏အဘွား ဒေါ်မမကြည် (အသက် ၉၅)နှစ် သည် (၂၃–၉–၂၀၂၂)သောကြာနေ့ ညနေ ၄:၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၂၅–၉–၂၀၂၂)တနင်္ဂနွေနေ့ ညနေ ၃:၀၀နာရီတွင် ရေဝေးသုသာန်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ၊ ကျောင်း အလှူဒါယကာကြီး

## ဦးကျော်ခင် (ခ) လီဖာ့ယုံ

ရန်ကုန်တက္ကသိုလ်၊ ရူပဗေဒအသင်း (နာယက)

အိုလံပစ်လက်ဖက်ခြောက်

### အသက်(၈၂)နှစ်

နမ့်ဆန်မြို့နေ (ဦးပေါ်အိုက်စော–ဒေါ်အဲလိမ်း)တို့၏ တတိယသား၊ မြစ်ကြီးနားမြို့နေ (ဦးသာလွင်–ဒေါ်ရီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ခြံအမှတ် (၉၃–စီ)၊ သံလွင်လမ်းနေ (ဒေါ်ဝေဝေရီ)၏ ချစ်လှစွာသောခင်ပွန်း၊ သားကြီး ဒေါက်တာဇော်လင်းဦး–ဒေါက်တာအိန္ဒြာမင်း၊ သမီးကြီး ဒေါက်တာမိုးသူဇာ၊ သမီးငယ် ကိုရည်ဘုန်း–မဖြူဖြူမာ၊ သားငယ် ကိုဟန်လင်းအောင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မခင်မြတ်နိုးဦး၊ မဆောင်းနှင်းဖြူ၊ မကြည်ဖြူမြင့်ဘုန်း၊ မယွန်းမဒီအောင်တို့၏ ချစ်လှစွာသောအဘိုး ဦးကျော်ခင်(ခ)လီဖာ့ယုံ (အိုလံပစ်လက်ဖက်ခြောက်) သည် ၂၀– ၉–၂၀၂၂ (အင်္ဂါနေ့) ည ၈:၁၁ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၄–၉–၂၀၂၂ (စနေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ကျန်ရှိသော အရိုးပြာအိုးအား ယူနန်သင်္ချိုင်း၌ ဂူသွင်းမြှုပ်နှံမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၆–၉–၂၀၂၂ (တနင်္လာနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ အမှတ် (၉၃–စီ)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း)

မြောင်းမြမြို့နယ်အသင်း(ဒု–ဥက္ကဋ္ဌ)

### အသက်(၇၅)နှစ်

မြောင်းမြမြို့နေ (ဦးစောရှိန်–ဒေါ်သန်းစိန်)တို့၏သား၊ (ဦးလှကျော်–ဒေါ်ခင်ရွှေ) တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၁၉၃)၊ ဗဟိုလမ်း၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ကိုဇော်ထက်(ခ)ကိုဇာနည်ထက်ဆွေ၊ ကိုကြည်ဖြူထက်ဆွေ–မနန်းသဇင်၊ ကိုဝေယံထက်ဆွေ–မမိုးမိုးလွင်တို့၏ဖခင်၊ မပိုးသဒ္ဒါထက်၏အဘိုး၊ ဒေါ်ခင်မြင့်ကြည်(ခ)ဒေါ်ခင်နီကျော်၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း) OTS(43)သည် ၂၃–၉–၂၀၂၂ ရက် နံနက် ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၉–၂၀၂၂ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဝါးတရာကျေးရွာ၊ ကွင်းအမှတ်(၂၉၅–A)၊ ကွင်းအမည်– ညံအိုင်မြောက်ရှိ ရေတွင်းကုန်းနှင့် ဝါးတရာလမ်းထောင့်၊ ခရေလမ်းရှိ မြေကွက်အမှတ်– 7(1)၏ မြေအကျယ်အဝန်း (20x60)ပေရှိ ဦးတင်လင်းထွဋ် [၇/ကဝန(နိုင်) ၀၉၄၈၄၈] အမည်ပေါက်ပိုင်ဆိုင်ထားပြီး ထိုမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးတင်လင်းထွဋ် [၇/ကဝန(နိုင်)၀၉၄၈၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်လှမျိုးစု (စဉ်–၉၀၇၅/၂၀၁၃)** **ဒေါ်ထွေးထွေးဝင်း (စဉ်–၁၂၇၂၇)**

**(တရားလွှတ်တော်ရှေ့နေများ)**

**အမှတ်–၁၈၀၊ နိဗ္ဗာန်လမ်းသွယ်(၁)၊ နံ့သာကုန်း၊ အင်းစိန်**

**ဖုန်း–၀၉– ၄၂၀၀၆၆၇၆၀၊ ၀၉– ၂၅၀၀၄၂၂၉၉**

## “အိမ်နှင့်မြေပိုင်ဆိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း”

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟန်မင်းသန့် [၁၄/ဘကလ(နိုင်)၂၀၅၂၃၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ (၈)ရပ်ကွက်၊ အောင်သပြေ (၇)လမ်း၊ ဦးပိုင်တိုးချဲ့အမှတ်(၁၄၇၀)၊ အိမ်နှင့်မြေ ပေ(၄၀x၆၀)ရှိ အမည်ပေါက်ပိုင်ဆိုင်သော ဦးရဲမင်းသူ [၁၄/ဘကလ(နိုင်)၂၄၀၃၆၈]၊ ဦးထွဋ်ခန့်ဝင်း [၁၄/ဘကလ(နိုင်)၃၀၃၁၇၂] ထံမှ (၁၃–၇–၂၀၂၂)ရက်စွဲပါ အိမ်နှင့်မြေ အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရောက်ထားရှိသည့် အိမ်နှင့်မြေဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ ငှားရမ်းခြင်း၊ တစ်ဆင့်ပြန်လည်လွှဲပြောင်းခြင်းများကို လုံးဝမပြုလုပ်ပါရန်နှင့် ပြုလုပ်ဆောင်ရွက်ခဲ့ပါက ပြုလုပ်သူနှင့် ပါဝင်ပူးပေါင်းဆောင်ရွက်သူများအားလုံးကို သက်ဆိုင်ရာတည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးဇာဇာဝင်း LL.B, DBL** **ဒေါ်ငြိမ်းငြိမ်းအိ LL.B, DBL**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၁၈၇)** **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၂၃)**

**အမှတ်(430/31)၊ ဇေယျာသုခလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–09–448010275, 09–421060364**

မူးယစ်ကိုပစ်

ပန်းတိုင်သစ်

စိတ်သစ်

လူသစ်

ဘဝသစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျွန်တော်တို့နိုင်ငံမှာ ပြည်သူလူထုရဲ့ ဆန္ဒဖြစ်တဲ့ “စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်”ကို ခိုင်မာအောင် ဆက်လက်တည်ဆောက်သွားရမှာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို ခိုင်ခိုင်မာမာအာမခံပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူများဖြစ်တဲ့ ပုဒ်မ ၆၊ ၇၊ ၈ မှာပါဝင်တဲ့ ဒို့တာဝန်အရေး ၃ ပါး၊ ပါတီစုံဒီမိုကရေစီစနစ်၊ ပြည်ထောင်စုစနစ်တို့ကို ကာကွယ်စောင့်ရှောက်ဖို့ ပုဒ်မ ၂၀(စ)အရ တပ်မတော်မှာ အဓိကတာဝန်ရှိပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်သူ (Guardian)အဖြစ် ဒီတာဝန်တွေကို ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၂)တွင် ပြောကြားချက်များမှ ကောက်နုတ်ချက်)

၃၁-၇-၂၀၂၂

## အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာများ၌ စက်ရုံများတွင် အလုပ်သမားများအပေါ် ဥပဒေချိုးဖောက်မှုများရှိသည်ဟူသော သတင်းဖော်ပြမှုနှင့်ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း သတင်းမှန်ထုတ်ပြန်ခြင်း

အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာများ၌ စက်ရုံများတွင် အလုပ်သမားများအပေါ် ဥပဒေချိုးဖောက်မှုများရှိသည်ဟူသော သတင်းဖော်ပြမှုနှင့်ပတ်သက်ပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အလုပ်သမားရေးရာ ပေါင်းစပ်အဖွဲ့ဖြင့်လည်းကောင်း၊ စည်းကြပ်ဥပဒေများဖြင့်လည်းကောင်း မှန်ကန်မှု ရှိ/မရှိ စိစစ်၍ အလုပ်သမားများရပိုင်ခွင့်များရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

Myanmar Labour News ၏ ၂-၉-၂၀၂၂ ရက်စွဲပါ လူမှုကွန်ရက်စာမျက်နှာ၌ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာစက်မှုဇုန်ရှိ တရုတ်နိုင်ငံသားပိုင် Rong Da Garment Co.,Ltd အထည်ချုပ်စက်ရုံရှိ အလုပ်သမားများသည် လုပ်ငန်းခွင်အတွင်း နားရက်မရှိ အလုပ်လုပ်နေရပြီး တနင်္လာနေ့မှ သောကြာနေ့အထိ နံနက်(၈:၀၀)နာရီမှ ညနေ(၆:၃၀)နာရီအထိ တစ်နေ့အလုပ်ချိန် ၁၀ နာရီ မိနစ် ၃၀ ခန့် အလုပ်လုပ်ကိုင်နေရကြောင်း၊ အလုပ်သမားများ၏ သဘောဆန္ဒမပါဘဲ အတင်းအဓမ္မ အချိန်ပိုဆင်းခိုင်းပြီး ည(၇:၀၀)နာရီမှ (၁၂:၀၀)နာရီအထိ အချိန်ပိုလုပ်ကိုင်ရကြောင်း၊ စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် အောလင်း၊ အောနိုက်ဆင်းပေးရပြီး လုပ်ငန်းခွင်အတွင်း Super၊ All Super၊ Leader များမှ အလုပ်သမားများအား ကြမ်းတမ်းစွာပြောဆိုဆဲရေးကြောင်း၊ ဥပဒေပါခွင့်ရက်နှင့် အလုပ်ပိတ်ရက်ခွင့်ခံစားခွင့်မရရှိကြောင်း၊ စံချိန်များမတရားတောင်းခံပြီး စံချိန်မပြည့်ပါက အလုပ်သမားများအား အချိန်ပိုဆင်းခိုင်း၍ ငြင်းဆန်ပါက လိုင်းစူပါများမှ ဆဲဆိုကာ အလုပ်မှထုတ်မည်ဟု ခြိမ်းခြောက်ကြောင်း၊ စက်ရုံတွင် ညအိပ်ရန်နေရာ စီစဉ်ပေးထားမှုမရှိသောကြောင့် အဆင်ပြေသည့်နေရာတွင် ကြုံသလိုအိပ်ရ၍ ကျန်းမာရေးထိခိုက်လာကြောင်း၊ အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်ပါ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ခြင်းမရှိဘဲ ဥပဒေမဲ့ အလုပ်မှထုတ်ပယ်နေကြောင်း ဖော်ပြခဲ့ပါသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ■

## ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သူများ၏ ခြံထွက် ကြက်ဥ၊ ဘဲဥ၊ ကြက်သား၊ ပျားရည်၊ နို့ထွက်ပစ္စည်းများ၊ ငါး၊ ငါးပိ၊ ငါးခြောက်များ ဖြန့်ဖြူးရောင်းချ

**နေပြည်တော် စက်တင်ဘာ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ သုတေသနခြံများ၊ နည်းပညာပေးလုပ်ငန်းအတွက် စံနမူနာပြ စိုက်ခင်းများမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ၊ ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ထွက်ရှိသည့် အခြေခံစားသောက်ကုန်များ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ ပူးပေါင်းပါဝင်မှုဖြင့် ခြံထွက် ကြက်ဥ၊ ဘဲဥ၊ ကြက်သား၊ ပျားရည်၊ နို့ထွက်ပစ္စည်းများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးပိ၊ ငါးခြောက်လုပ်ငန်းရှင်များအသင်း၏ ပူးပေါင်းပါဝင်မှုဖြင့် ငါး၊ ငါးပိ၊ ငါးခြောက်များကို နေပြည်တော် စည်ပင်သာယာရေးကော်မတီက စီစဉ်သတ်မှတ်ပေးသည့် မြို့မဈေးကားရပ်နားကွင်း မြေကွက်လပ်တွင် ရုံးဝန်ထမ်းများ၊ နေပြည်တော်နေပြည်သူများအား ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိပြီး ဝန်ကြီးဌာနရုံးများ၊

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ○



## မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ အောက်တိုဘာ ၁ ရက် စတင်မည်

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၃ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ အုပ်စုပွဲများကို အောက်တိုဘာ ၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂

**ယနေ့ ဖတ်စရာ**


**ပြည်နယ်နှင့် တိုင်းဒေသကြီး ဘီလိယက်နှင့် စနူကာပြိုင်ပွဲကို ရှမ်းပြည်နယ်က အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် ကျင်းပလျက်ရှိ**

စာမျက်နှာ » ၁၀

**ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၄၉၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၀၀ တွေ့ရှိ**

စာမျက်နှာ » ၁၂

**ကမ္ဘောဒီးယားနိုင်ငံ ခိုတန်းကျွန်းအနီး၌ ငါးဖမ်းသင်္ဘောတစ်စင်း နစ်မြုပ်၊ ခရီးသည် ၂၀ ကျော် ပျောက်ဆုံး**

စာမျက်နှာ » ၁၃